ခန္တီစ ဝေဟံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၀)၊ အမှတ်(၂၇၉)

အမျိုးသားရေးစွမ်းအား ခိုင်မာတောင့်တင်းအောင် တည်ဆောက်

ယနေ့ခေတ်ကာလတွင် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှု၊ ပညာရေးကဏ္ဍကနေ အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာအောင် တည်ဆောက်ပေးနိုင်မှုသည် နိုင်ငံတော်၏ အနာဂတ် ခိုင်မာ တောင့်တင်းရေးကို ပိုင်းဖြတ်နေသည်ဟု ဆိုရမှာဖြစ်သည်။ တစ်နည်းပြောရလျှင် အမိနိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိနိုင်ငံ၊ မိမိလူမျိုးအစွန့်ရှည် ရှင်သန်ခိုင်မြဲရေးတို့သည် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်၏ တည်ရှိပြီး သယံဇာတများနှင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို အမျိုးသားရေးအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် ရေရှည်ဖော်ထုတ် မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ် ပီပီပြင်ပြင်ဖြစ်တည်လာစေရန် ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသား ပညာရည်မြင့်မားရေးစီမံကိန်းများကိုချမှတ်ပြီး နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေခြင်းပင် ဖြစ်သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၆ ရက်က ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းအခမ်းအနားတွင် အဆောင်ဆုရရှိသော အမျိုးသမီး တပ်ခွဲ(၁) အဆောင်(၁)အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အပြုသဘောနှင့် အဖျက်သဘော၏ ကောင်းကျိုးဆိုးကျိုးများကို နှိုင်းယှဉ်သိမြင်
အမျိုးသားရေးလိုအပ်ချက်နှင့်အညီ အမျိုးသားရေးစွမ်းပကား တောင့်တင်းခိုင်မာအောင် တည်ဆောက်
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုထိပါးနှောင့်ယှက်သည့်အဖျက်အမှောင့်အန္တရာယ် လက်တွဲတွန်းလှန်

ရန်ကုန် ဇူလိုင် ၇

ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းအခမ်းအနားကို ဇူလိုင် ၆ ရက် ညနေ ၃ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမဋ္ဌကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဗိုလ်မှူးကြီးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် *စာမျက်နှာ ၂ ကော်လံ ၄* ■

အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်အပေါ် မရိုးသား

ကျွန်တော် မျက်လုံးပြူးသွားတယ်။ မန္တလေးတိုင်း 'အင်န်အယ်လ်ဒီ' အဖွဲ့ဝင်တစ်ဦးပြောလာမှပဲ ကျွန်တော်တို့ 'အင်န်အယ်လ်ဒီ' ပါတီမှာ ကိုယ်ပိုင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း) ရှိနေတာကို ကျွန်တော်တို့ သိခဲ့ရတယ်။ ဟုတ်တော့ဟုတ်နေပြီ၊ ကျွန်တော်တို့ မျှော်လင့်ထားတာတွေအားလုံးက စိတ်ကူးယဉ်အိပ်မက်တွေ ဖြစ်နေပါလား။ ဟုတ်တယ်လေ၊ ကျွန်တော်တို့ပါတီက လူနှစ်ယောက်တစ်ပိုင်း စုဖွဲ့ရေးသားထားတဲ့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း) ဆိုတာက ကျွန်တော်တို့ နိုင်ငံအတွက် ဘယ်လောက်အထိ အာမခံချက်တွေပေးနိုင်မှာမို့လို့လဲ။

တကယ်ကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေလို့ပဲ ခေါ်ခေါ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလို့ပဲ ဆိုဆို အဲဒီဥပဒေက နိုင်ငံတော်ရဲ့ အသက်ပဲ။ နိုင်ငံတော်ရဲ့ အသက်တမျှ တန်ဖိုးရှိလှတဲ့ ဥပဒေတစ်ရပ်ကို လူနှစ်ယောက်တစ်ပိုင်းက ရေးလို့ရသလား။ ဒီလိုကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးသားမှုကို အသိအမှတ်ပြု လက်ခံတယ်ဆိုကတည်းက ကျွန်တော်တို့ ပါတီခေါင်းဆောင်ပိုင်းတွေ နိုင်ငံတော်ရဲ့အနာဂတ် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်ကြီးအပေါ် မရိုးသားတော့ဘူးဆိုတာ ပေါ်လွင်နေပြီ။ ကျွန်တော်တို့မှာတော့ မျှော်လင့်လိုက်ရတာ။ **(မောင်ရင်မှိုင်း၏ ဆောင်းပါး၊** **စာမျက်နှာ - ၈)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

အမျိုးသားအကျိုးစီးပွားနှင့် ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်များ ပြည်သူတစ်ရပ်လုံးက ကာကွယ်ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဧရာဝတီတိုင်းအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့ မွေးမြူရေးကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အခြေခံအလားအလာကောင်းတွေ ရှိပြီးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေ တစ်ဆင့်မြင့်မားတိုးတက်အောင် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်ဖို့လိုအပ်တယ်။ နိုင်ငံတော်မှာရှိတဲ့ စပါးစိုက်ဧရိယာရဲ့ လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးနေတဲ့အပြင် မြေဆီမြေလွှာ ကောင်းတဲ့အတွက် ဧရာဝတီတိုင်းရဲ့ စပါးတစ်ဧကအထွက်နှုန်းကို သိသိသာသာတိုးတက်အောင် ကြိုးစားလိုက်မယ်ဆိုရင် နိုင်ငံတော်က ရည်မှန်းချက်ပေးထားတဲ့ စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ထိရောက်စွာအထောက်အကူပြုမှာဖြစ်တယ်။ မွေးမြူရေးကဏ္ဍမှာလဲ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းကို အားပေးမြှင့်တင်ဆောင်ရွက်ပြီး ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်အောင် စီမံကြရမှာဖြစ်တယ်"** ဟု လမ်းညွှန်ခဲ့သည်။

ဤလမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းအတွင်း၌ လိုအပ်သည့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို နိုင်ငံတော်ကတည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများနှင့် ရေနုတ်မြောင်းများကိုလည်း အတိုင်းအတာတစ်ရပ်အထိ တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကတာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်လ ၆ ရက်နေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းတက်ရောက်၍ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူများအား နှုတ်ဆက်စကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက နှုတ်ဆက်စကားပြောကြားရာ၌-

> "ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့သည် အရှိန်အဟုန်ရှိရှိ တိုးတက်မြင့်မားနေချိန်၌ ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ပျက်စီးအောင်ကြံစည်လုပ်ကိုင် ဆောင်ရွက်နေကြသည့် အဖျက်သမားများရှိနေသည်မှာ ဝမ်းနည်းစရာကောင်းကြောင်း၊ ယင်းအဖျက်သမားများ၏ ကြံစည် လုပ်ကိုင်မှုများသည် နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူ၏အကျိုးစီးပွားနှင့်ယှဉ်၍ကြည့်ပါက နိုင်ငံတော်၏ အန္တရာယ်၊ ပြည်သူများ၏ အန္တရာယ်များပင် ဖြစ်ကြောင်း"

ပြောကြားသွားသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် ငွေကျပ်သန်းပေါင်း ၇၉၃၉၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၉၀၇ သန်း အကုန်အကျခံပြီး တစ်နိုင်ငံလုံး၌ လမ်းနှင့်တံတားများ တည်ဆောက်ပေးခဲ့သည်။ တစ်နိုင်ငံလုံးတွင် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင် ၁၃၆၃၅ မိုင်ရှိပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း ယနေ့အထိ လမ်းမိုင် စုစုပေါင်း ၄၄၇၇ မိုင် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ ဧရာဝတီတိုင်းအတွင်း မြေလမ်းမှ ကတ္တရာလမ်းအထိ ယခင်က မိုင် ၄၄၀သာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခု ၁၃၂၈ မိုင်အထိ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၈၈၇ မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တံတားအနေဖြင့် ပြည်နယ်နှင့်တိုင်းအားလုံး၌ ပေ ၁၈၀အထက် တံတားပေါင်း ၁၆၅စင်းတည်ဆောက်ပြီးဖြစ်သည်။ ဧရာဝတီတိုင်းအတွင်း တည်ဆောက်ပေးပြီးဖြစ်သည့် တံတား ၃၉ စင်းအတွက် သုံးစွဲခဲ့ရသည့်ငွေကြေးသည် ငွေကျပ် သန်း ၁၉၄၂၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော် ကျခံသုံးစွဲခဲ့သည်။

ပြည်သူများအနေဖြင့် တာဝန်သိသူနှင့် တာဝန်မဲ့သူ၊ သစ္စာရှိသူနှင့် သစ္စာမဲ့သူ၊ မိတ်ဆွေနှင့်ရန်သူ၊ အပြုနှင့်အဖျက် ခွဲခွဲခြားခြားရှုမြင်သုံးသပ်သိမြင်ကြပြီး မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်၌ ထည်ထည်ဝါဝါရပ်တည်နိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်း အားထုတ်လုပ်ကိုင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံးသည် မိမိတို့၏ တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုကို မြှင့်တင်ပြီး အဖျက်သမားများ၏အန္တရာယ်ကို သတိထားဖယ်ရှားရင်း ရပ်ရွာအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ဆက်လက်သယ်ပိုးသွားကြရမည်ဖြစ်သည်။

ထို့အပြင် အချို့အနောက်နိုင်ငံကြီးများက ၎င်းတို့၏အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး နိုင်ငံငယ်များကို လွှမ်းမိုးခြယ်လှယ်နိုင်အောင်ကြိုးပမ်းနေမှုများရှိသည်ကိုလည်း သတိထားရန်လိုသည်။ အခြားနိုင်ငံများ၏ ကောင်းစားရေးကို လိုလားသယောင်၊ အကူအညီအထောက်အပံ့များ ပေးတော့မယောင် ပြန်ကြားရေးမီဒီယာများမှ တစ်ဆင့် အသံကောင်းဟစ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

သို့ဖြစ်ရာ ယင်းနိုင်ငံကြီးများ၏ပရိယာယ်ကို နားလည်သိရှိပြီး မိမိနိုင်ငံ၏အမျိုးသား အကျိုးစီးပွား၊ မိမိနိုင်ငံ၏ကိုယ်ပိုင် အမျိုးသားရပ်တည်ချက်များကို ပြည်သူတစ်ရပ်လုံးက ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဖက်ပင်အိုင်စာသင်တိုက် ဝါဆိုသင်္ကန်းအလှူ

ရန်ကုန် ဇူလိုင် ၇

သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ) အမှူးပြုသော စာချစာသင် သံဃာတော် ၂၀၅ပါးတို့အား ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဖက်ပင်အိုင်စာသင်တိုက် ထာဝရကုသိုလ်ရှင်များ စုပေါင်း၍ ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်သည်။ **(က-ပ)**

ညောင်ရိုပ်သာဝါတွင်းအဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၇

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ၁၀၈ တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ ကျောင်းပရဝဏ်အတွင်း လေးထပ်ဓမ္မဗိမာန်နှင့် ငါးထပ်ကောင်းကင် ပါသာဒသိမ်တော်တွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအတိုင်း ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်ကေသရာဘိဝံသ ဆရာတော်က ဝါတွင်းလစဉ် လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်တိုင် ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို ဟောပြောပြသမည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်း ဝင်ရောက်နိုင်ကြောင်းနှင့် ငါးထပ်တရားစခန်းကျောင်း ပြန်လည်တည်ဆောက်ရာ၌ တစ်ပေပတ်လည် ကျပ် ၃၀၀၀ နှုန်းဖြင့် လှူဒါန်းလိုသူများသည် ဖုန်း-၅၄၇၀၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

■ *အပြုသဘောမှ*

ယနေ့အချိန်အခါလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများအားလုံးတွင် အသိပညာ၊ နည်းပညာများက ပင်မမဏ္ဍိုင်နေရာကနေ လွှမ်းမိုးကြီးစိုးလာသည့် ပညာခေတ် အချိန်အခါကာလမှာ ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များသည် ကျောင်းသူကျောင်းသားများ၏ ဘဝရှေ့ရေးတိုးတက်ရန်အတွက်သာမက ခေတ်မီ တိုးတက်သောနိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက်ပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖွယ်ရာများဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ဆရာဆရာမများအားလုံးက ခံယူထားကြရန် လိုအပ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ထို့ကြောင့် ပညာရေး၏အခန်းကဏ္ဍပိုမိုကျယ်ဝန်းနက်ရှိုင်းပြီး အရေးပါလာလျက်ရှိသည့် အချိန်အခါတွင် ဆရာဆရာမများအနေဖြင့်လည်း မိမိတို့၏တပည့်ကျောင်းသူကျောင်းသားလူငယ်များကို စာပေပညာသင်ကြားပေးနိုင်ရန်ထက် ပိုမိုကြီးမားကျယ်ပြန့်သော တစ်မျိုးသားလုံးပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပြည့်မြောက်အောင်မြင်ရေးတာဝန်ကြီးကိုပါ ပညာရေးကဏ္ဍကနေပြီး ကျေပွန်စွာဖြည့်စွမ်းထမ်းဆောင်သွားကြပါဟု အလေးအနက်မှာကြားလိုကြောင်း။

ယနေ့ခေတ်ကာလတွင် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှု၊ ပညာရေးကဏ္ဍကနေ အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာအောင် တည်ဆောက်ပေးနိုင်မှုသည် နိုင်ငံတော်၏ အနာဂတ်ခိုင်မာတောင့်တင်းရေးကို ပိုင်းဖြတ်နေသည်ဟု ဆိုရမှာဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် အမိနိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိနိုင်ငံ မိမိလူမျိုးအစွန့်ရှည် ရှင်သန်ခိုင်မြဲရေးတို့သည် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်လျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏တည်ရှိပြီး သယံဇာတတွေ၊ ဖွံ့ဖြိုးတိုးတက်မှုအလားအလာတွေကို အမျိုးသားရေးအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက် ရေရှည်ဖော်ထုတ်မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ်ပီပီပြင်ပြင် ဖြစ်တည်လာစေရန် ပညာရေးမြှင့်တင်မှုအစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများကို ချမှတ်ပြီး နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

ဤအမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဖော်ဆောင်ပေးရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ခိုင်မာသော အခြေခံအုတ်မြစ်များအဖြစ် ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို ပညာရေးကဏ္ဍက တစ်ဆင့် တည်ဆောက်ပေးနိုင်စေရန် စနစ်တကျ မျှော်မှန်းဆောင်ရွက်ပေးနေခြင်းလည်းဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ၏ မျှော်မှန်းချက်များနှင့်အညီ ကျောင်းသူကျောင်းသားလူငယ်များကို စာပေပညာ တတ်ကျွမ်းရုံမျှသာမက အသိဉာဏ်ပညာနှင့်ပြည့်စုံပြီး စွမ်းဆောင်ရည် မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေးမျှော်မှန်းပြီး ကျွမ်းကျင်မှု အရည်အသွေး၊ အသိဉာဏ်ပညာနှင့် ဖန်တီးနိုင်မှုစွမ်းအား မြင့်မားစေရန်၊ ဆင်ခြင်တုံတရားနှင့် ယှဉ်တွဲနေသည့် တွေးခေါ်မြော်မြင်မှုကတစ်ဆင့် ကိုယ်တိုင်နားလည်ဆုံးဖြတ် တီထွင်ဆန်းသစ်နိုင်စေရန်အထိ လေ့ကျင့်ပေးကြရမှာဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့တစ်ဦးချင်း၏ ဝါသနာဗီဇနှင့် အလားအလာကို မိမိကိုယ်တိုင်သိမြင်ပြီး ဘက်စုံပညာရေးစနစ်၏ အကျိုးရလဒ်ကောင်းများနှင့်အညီ မိမိတို့၏ အနာဂတ်ကို ပိုင်ပိုင်နိုင်နိုင် ရွေးချယ်နိုင်သူများဖြစ်လာအောင် ဆရာ ဆရာမများအပိုင်းက ဦးတည်ချက်ရှိရှိဖြင့် တက်တက်ကြွကြွ လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်မှာဖြစ်ကြောင်း။

ထို့ပြင် ကျောင်းသူ ကျောင်းသားလူငယ်များ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားစေရေးအတွက် ခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ အသုံးပြု လေ့ကျင့်ပျိုးထောင်ပေးပြီး နိုင်ငံတကာ ခေတ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်ပေးနိုင်စေရန်၊ တစ်ပြိုင်တည်းမှာပင် ယခုလိုနိုင်ငံတကာနှင့် အမြင်ကျယ်ကျယ် ဆက်စပ်လေ့လာနေချိန်မှာ မြန်မာ့အမြင်ဖြင့် ရှုမြင်နိုင်စေရန်၊ မိမိတို့ မျိုးရိုးစဉ်လာစောင့်ထိန်းလာခဲ့သည့် မြန်မာ့လူမှုတန်ဖိုး၊ မြန်မာ့လူမှုနှုန်းစံနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ လျော့ပါးမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန်ကိုပါ အလေးဂရုပြု လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

ထို့ပြင် ကျောင်းသူ ကျောင်းသားလူငယ်များ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားထိန်းသိမ်းစောင့်ရှောက်မှု၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တ ပြည့်စုံမြင့်မားမှု၊ မိမိပါဝင်သည့် လူ့ဘောင်အဖွဲ့အစည်းအပေါ် ထားရှိရမည့် တာဝန်နှင့် ကျင့်ဝတ်များ ကျေပွန်မှုစသည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားရင့်ကျက်လာအောင် ပြုစုပျိုးထောင်ပေးကြရန်လည်း အထူးလိုအပ်မှာဖြစ်ကြောင်း။

အထူးသဖြင့် မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံတွေ၊ သမိုင်းအစဉ်အလာကောင်းတွေကို ဆက်ခံထိန်းသိမ်းပြီး ဘိုးဘွားမိဘ အမွေအနှစ်စစ်စစ်ဖြစ်သော ပြည်ထောင်စုကြီး ခိုင်ခိုင်မြဲမြဲအစွန့်ရှည် တည်တံ့နေစေရေးအတွက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်စေရအောင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံများ ထက်သန်ပွားများလာစေရန်ကို မျှော်မှန်းလေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ့အလယ်မှာ တင့်တင့်တယ်တယ်ထည်ထည်ဝါဝါရင်ပေါင်တန်း ရပ်တည်နိုင်ရေးတို့သည် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းအား တောင့်တင်းခိုင်မာမှုအပေါ်မှာ အဓိက မူတည်နေတာဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုနှင့် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှုသည်သာ ပြည်သူများအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ဖြစ်ထွန်းစေမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါကာလမှာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို မိမိတို့၏ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ဖြစ်ထွန်းလာအောင် တည်ငြိမ်ခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်နိုင်ရန် အထူးလိုအပ်လျက်ရှိကြောင်း၊ ပြည်သူအများ၏ စုစည်းညီညွတ်မှုပေါင်းစည်းအားမာန်အပြင် နိုင်ငံတော်တည်ဆောက်ရေးအတွက်ပါဝင်ကြိုးပမ်းကြရမည့်လူ့စွမ်းအားအရင်းအမြစ်များ၏စူးရှထက်မြက်သော အရည်အသွေးများ ပေါ်ထွက်လာအောင် ထုထောင်သွားရန် လည်းလိုကြောင်း။

ထို့ကြောင့် အနာဂတ်ကာလကို တာဝန်ယူကြရမည့် ကျောင်းသူကျောင်းသား လူငယ်များကို တာဝန်ယူ ပြုစုပျိုးထောင်ပေးနေကြသည့် ဆရာ ဆရာမများအနေဖြင့် အပြုသဘောနှင့်အဖျက်သဘော၏ ကောင်းကျိုးဆိုးကျိုးများကို နှိုင်းယှဉ်သိမြင်ပြီး မိမိတို့၏တပည့်ကျောင်းသူကျောင်းသားလူငယ်များကို အမျိုးသားရေး လိုအပ်ချက်များနှင့်အညီ ပြုစုပျိုးထောင်ပေးရင်း အမျိုးသားရေးအားမာန်၊

စာမျက်နှာ ၃ ကော်လံ ၁ ●

ကမ္ဘဋ္ဌာန်းရှုမှတ်နည်းပို့ချမည်

ရန်ကုန် ဇူလိုင် ၇

လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းအရ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်းရွှေ(ဒလ–အံ့ကြီး)က ဒလ–အံ့ကြီးမြို့နယ် ဓမ္မရသရိပ်သာတွင် ဇူလိုင် ၁၂ ရက်မှ ၂၀ ရက် နံနက်အထိ ကမ္မဋ္ဌာန်းရှုမှတ်နည်းများကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်သည်ဟု သိရသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

စာမျက်နှာ ၂ မှ

အမျိုးသားရေးစွမ်းပကား တောင့်တင်းခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

အလားတူပင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ လက်ငင်းအကျိုးစီးပွားကို သာမကအနာဂတ်ကာလတိုင်ရေရှည်အကျိုးစီးပွားကိုပါ ဖော်ဆောင်ပေးနိုင်မည့် စွမ်းဆောင်ရည်ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးနိုင်စေရေးအတွက် မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားလူငယ်များကို အသိဉာဏ်ပညာနှင့် စွမ်းဆောင်ရည်ထူးချွန်ထက်မြက်စေရန် အပြင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားစေရအောင် ပြုစုပျိုးထောင်ပေးကြပါဟု ဆရာ ဆရာမများကို တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ –

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား အစွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအားမာန်ခိုင်မာတောင့်တင်း စူးရှထက်မြက်စေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းဖြည့်ဆည်း တည်ဆောက်ပေးကြပါ၊**
- **သမိုင်းအစဉ်အဆက် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထည်ဝါမြင့်မားခဲ့သည့် မြန်မာလူမျိုးတို့၏ အစဉ်အလာကောင်းနှင့်အညီ ကျောင်းသူကျောင်းသားအပါဝင် တစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ သူ့ကျွန်မခံစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရထက်မြက်နိုးကြားနေစေရအောင် ပညာရေးကဏ္ဍက စည်းရုံးဦးဆောင်ပေးကြပါ၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ကို ထိပါးနှောင့်ယှက်နေသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားပြည်သူအားလုံးနှင့်အတူ လက်တွဲပြီး တက်ညီလက်ညီ တွန်းလှန်တိုက်ဖျက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအားဆုများ ချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ် အီး–၁ မကွေးတိုင်း ဆားစည် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးစိုးလင်းအား လည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူ အမှတ် ဘီ–၁၇၀ မန္တလေးတိုင်း တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်စန်းယုမော်အားလည်းကောင်း၊ ဖွဲ့၊ လုံ့လဆုများကိုသင်တန်းသားအမှတ်အီး–၁၅၂ မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးတင်ဝင်း၊ သင်တန်းသူအမှတ် ဘီ–၂၀၅ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ညွှန့်ရွှေနှင့် သင်တန်းသူအမှတ် ဘီ–၁၆၀ မန္တလေးတိုင်း မလှိုင်မြို့နယ် ဆုံတွင်းအခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သန်းငွေးတို့အားလည်းကောင်း ပေးအပ်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က စံပြအဆောင်ဆုကို အမျိုးသားတပ်ခွဲ(၁) အဆောင်(၇)မှ သင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီးတပ်ခွဲ(၁) အဆောင်(၁)မှ သင်တန်းသူများအားလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှ တစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်လိုက်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများက သာသနာရေး၊ ပညာရေးနှင့် လူမှုရေးအလှူငွေ စုစုပေါင်းငွေကျပ်၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၆ ရက်က မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇူလိုင် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်လိုက်ပါလျက် ဇူလိုင် ၆ ရက် ညနေ ၅ နာရီတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်မြင့်ရတနာပုံဈေး တတိယထပ်ရှိ မြန်မာ့သတင်းနှင့်ဆက်သွယ်ရေးနည်းပညာအဆောက်အအုံ(မန္တလေး)MICT Park (Mandalay) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား MICT Park (Mandalay)မှဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် MICT Park (Mandalay) ရှိ နီးနှောဖလှယ်ပွဲခန်းမ၊ အစည်းအဝေးခန်းများ ပြင်ဆင်ထားမှု၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ကြမည့် IT ကုမ္ပဏီများအတွက် ရုံးများ တည်ဆောက်ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က MICT Park (Mandalay)၏စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ဖွင့်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍MICT Park (Mandalay) ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးသန်းအောင်က MICT (Park) ဖွင့်လှစ်ရေးအတွက် အဆောက်အအုံနှင့် ခန်းမများပြုပြင်မွမ်းမံမှုလုပ်ငန်းများပြီးစီးနေမှု၊ IT ဆိုင်ရာအခြေခံ အဆောက်အအုံများ စီမံဆောင်ရွက်ထားမှု၊ ဖွဲ့စည်းပြီးအခန်းများကို ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ကြမည့် IT ကုမ္ပဏီများကို နေရာ ချထားပေးမှု တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းများကို စီမံချက်အတိုင်းပြီးစီးရေး မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ရတနာပုံဈေး ဒုတိယထပ်ရှိ Relax ကုမ္ပဏီက ဘိလိယက်နှင့် စနူကာခန်းမ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ အလှပြင်ခန်းမနှင့် စားသောက်ဆိုင်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုကြရာ Relax ကုမ္ပဏီ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးညီညီထွေးက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေ၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြမိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းဆောင်၌ အေစီအီးဆောက်လုပ်ရေးအဖွဲ့မန်နေဂျင်းဒါရိုက်တာဦးတင့်ဆန်းက တိုင်းရင်းဆေးတက္ကသိုလ်၏ပင်မဆောင်နှင့် စာသင်ဆောင်အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ ပြင်ပရေနှင့် ပြင်ပလျှပ်စစ်မီးလုပ်ငန်း၊ မုခ်ဦးနှင့်ဝင်းထရံကာရံခြင်းလုပ်ငန်း၊ လမ်းခင်းခြင်းနှင့်ကားရပ်ရန်နေရာ တည်ဆောက်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နန်းမြို့ညော်ရိပ်သာသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ယဉ်ကျေးမှုသမိုင်းနှင့် ယဉ်ကျေးလိမ္မာမျိုးမြန်မာစာတမ်းဖတ်ပွဲကို ဇူလိုင် ၁၁၊ ၁၂နှင့် ၁၄ ရက်တို့တွင်အမှတ်(၆၆/၇၄)ပြည်လမ်း ဒဂုံမြို့နယ် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲ တွင် ရှေးဟောင်းယဉ်ကျေးမှု၊ စာပေယဉ်ကျေးမှု နှင့် ပညာရေးနယ်ပယ်တို့မှ စာတမ်းရှင်များ ဖြစ်ကြသော ဒေါ်ရင်ရင်(စောမုံညင်း)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ ညွန့်ဟံ(ကြူတော)၊ ဦးမြင့်ဟန်(ဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့)၊ ဦးညွန့်ဟန်(ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနဦးစီးဌာန)၊ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးတင်ညို (ညွှန်ကြားရေးမှူးချုပ် အမှတ်(၁) အခြေခံ ပညာဦးစီးဌာန)၊ ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်)၊ ဦးသန်းထွတ်(ပညာရေးတက္ကသိုလ်)၊ ချစ်စံဝင်း၊ ပျဉ်းမနားမောင်နီသင်း၊ မောင်တင်စိုး (သစ်ရာကောက်)နှင့် ဦးသန်းအုန်း(မောင်ဇေယျာ)တို့က စာတမ်း စုစုပေါင်း ၁၂ စောင်ကို ဖတ်ကြားတင်ပြကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ ပထမနေ့ ဇူလိုင် ၁၂ ရက်တွင် အလှည့်ကျသဘာပတိအဖြစ် ဦးလှကြိုင်(စာရေးဆရာကြီးပါရဂူ)က အဖွင့်အမှာစကားပြောကြားမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲတတိယနေ့ ဇူလိုင် ၁၄ ရက်တွင် ဒေါက်တာခင်မောင်ညွန့်(မြန်မာ့သမိုင်းအဖွဲ့ဝင်)က နိဂုံးချုပ်စကားပြောကြားမည်ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှုကို ချစ်ခင် မြတ်နိုးကြသူများ၊ လေ့လာလိုသူများ၊ စာပေဝါသနာရှင်များ၊ သုတေသီများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွား/ကူးသန်း(ခ)အသင်း နိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၂–၂၀၀၃ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းပိတ် ရှုံးထွက်ဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဇူလိုင် ၄ ရက်က ပဒုမ္မာကွင်း၌ကျင်းပရာ စီးပွား/ကူးသန်း(ခ) အသင်းက တပ်မတော်ကြည်း(ခ) အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယနေ့ကျင်းပသော ပထမအကြိုဗိုလ်လုပွဲတွင် စီးပွား/ကူးသန်း(ခ) အသင်းက အားကစားဝန်ကြီးဌာန အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သည်။

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၈ရက်တွင် ကမ္ဘောဇ(က)အသင်းနှင့် ငွေဇုန်အသင်းတို့ ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို ဇူလိုင်၁၀ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်ကလေးငယ်များပါမကျန် ရှာဖွေစစ်ဆေးနေသည်ကို မိခင်ဖြစ်သူတစ်ဦးက စောင့်ကြည့်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တို့သတ်ဖြတ်ရန်ကြိုးစားနေသည့်အန္တရာယ်ကိုအမေရိကန်တပ်ဖွဲ့ဝင်များကြောက်လန့်နေ မျှော်လင့်မထားသည့် ညှပ်ပူးညှပ်ပိတ်အခြေအနေတွင် ကျရောက်လျက်ရှိ

ဘဂ္ဂဒက် ဇူလိုင် ၆

မေ ၁ ရက်တွင် အမေရိကန်သမ္မတဘုရှ် အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်တို့၏ခုခံတိုက်ခိုက်မှုများ အရှိန်မြင့်တက်လာခဲ့ရာ လေ့လာသူများ၏ အမြင်အရ အမေရိကန်တို့သည် ၎င်းတို့မျှော်လင့်မထားသည့် အခြေအနေတစ်ရပ်အတွင်းသို့ ညှပ်ပူးညှပ်ပိတ် ကျရောက်နေကြောင်း ပြောဆိုမှုများ ထွက်ပေါ်လျက်ရှိသည်။

အရှိန်မြင့်လာ

အီရတ်ရှိ ပြောက်ကျားခုခံစစ်များ အနေအထားနှင့်ပတ်သက်ပြီး ကမ္ဘာ့စျေးကွက်သုတေသနဌာနမှ အီရတ်ဆိုင်ရာ သုတေသီ ဆာချာဘစ်ဂီလီနှင့်တွေ့ဆုံမေးမြန်းရာတွင် ပြီးခဲ့သည့်နှစ်ပတ်မှ သုံးပတ်အတွင်း အီရတ်၌ ပြောက်ကျားတိုက်ခိုက်မှုများ အရှိန်မြင့်လာခဲ့ကြောင်း၊ သီးခြားစီ သေးငယ်သည့် တိုက်ခိုက်မှုများ ဖြစ်သော်လည်း ပိုမိုစနစ်တကျ ခုခံမှုပုံသဏ္ဌာန်အသွင် ဆောင်လာကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း အမေရိကန် မုန်းတီးရေးစိတ်ဓာတ်များ ပိုမိုကျယ်ပြန့်လာကြောင်း ဆွေးနွေးသွားသည်။

အဆိုးသံသရာလည်

ဆာချာ၏ အမြင်အရ အဆိုပါခုခံတိုက်ခိုက်မှုများကို အီရတ်တွင် အစဉ်အလာအရသြဇာကြီးမားသည့်ဆွန်နီအုပ်စုကပြုလုပ်ဖွယ်ရှိကြောင်း၊ဘာ့သ်ပါတီဝင်ဟောင်းများ၊ဖီဒါယင်း ပြည်သူ့စစ်အဖွဲ့များ၊ယခင်ပြည်စောင့်တပ်ဖွဲ့ဝင်များ၏ ခုခံတိုက်ခိုက်မှုများလည်း ဦးဆောင်ပါဝင် နိုင်ကြောင်း၊ယခုလိုအဆိုးသံသရာလည်နေပါက နိုင်ငံရပ်ခြားမှတိုက်ခိုက်သူများလည်းပါဝင်လာနိုင်ကြောင်းပြောကြားခဲ့သည်။

ပိုမိုဒေါသထွက်

အမေရိကန်တို့က ခုခံတိုက်ခိုက်မှုများ လျော့ပါးသွားစေရန် ရည်ရွယ်ပြီး စစ်ဆင်ရေးများဆင်နွှဲကာ မသင်္ကာသူများကို ဖမ်းဆီးခြင်း၊ လက်နက်ခဲယမ်းများ ရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ ထိုလုပ်ရပ်များသည် အရပ်သားလူထုကို ပိုမိုဒေါသထွက်စေခဲ့ပြီး ပြောက်ကျားတပ်ဖွဲ့ဝင်သစ်များ တိုးပွားလာစေကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ၏ လက်ရှိ အခြေအနေကို ဖြေရှင်းရန်မှာ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲများကို အီရတ်လူမျိုးစုများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဆောင်ရွက်ရန်လိုကြောင်း၊ မမျှော်လင့်ထားသည့် အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေရပြီး အပူဒဏ်အောက်တွင် ဓာတိဒေသနှင့် ကင်းကွာ နေရပြီး လမ်းထောင့်တစ်နေရာဆီမှ မိမိကိုသတ်ဖြတ်ရန် ကြိုးစားနေသည့် အန္တရာယ်ကို ကြောက်လန့်နေရသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် စိတ်ဓာတ်ရေးရာ ကျဆင်းလျက်ရှိကြောင်း၊ နိုင်ငံတကာတပ်ဖွဲ့ဝင်များ၏ အကူအညီကို ရယူပါမှ အီရတ်တွင် ငြိမ်းချမ်းရေးရောင်ခြည် တွေ့မြင်ရမည်ဖြစ်ကြောင်း အီရတ်သုတေသီ ဆာချာဘစ်ဂီလီက ပြောကြားသည်။

(စီအင်န်အင်န်)

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေနတ်ဒဏ်ရာဖြင့် ဘဂ္ဂဒက်၌သေဆုံးပြန်

ဝါရှင်တန် ဇူလိုင် ၄

ဘဂ္ဂဒက်မြို့ရှိ အမျိုးသားပြတိုက်ကို စောင့်ကြပ်စဉ် ကြာသပတေးနေ့က ပစ်သတ်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်မှာ အသက်(၂၀)အရွယ်ရှိ တပ်ဖွဲ့ဝင် အက်ဒွပ်ဟားဂေါ့ ဖြစ်ပြီး မင်နီဆိုးဒါးပြည်နယ် ရှာကိုပီမှ ဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။

အီရတ်တွင် အကြီးအကျယ် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟူ၍ အမေရိကန် သမ္မတ ဘုရှ်က မေ ၁ ရက်တွင် ပြောကြားပြီးနောက် တပ်သား အက်ဒွပ်ဟားဂေါ့မှာ အီရတ်နိုင်ငံ၌ အသတ်ခံရသည့် ၂၆ ဦးမြောက် အမေရိကန်တပ်ဖွဲ့ဝင် ဖြစ်သည်။

မေ ၁ ရက် နောက်ပိုင်း အခြားသော အမေရိကန်တပ်ဖွဲ့ဝင် ၄၂ ဦးတို့မှာလည်း မတော်တဆမှုနှင့် အခြားအကြောင်းများကြောင့် အသက်ဆုံးရှုံးခဲ့ရသည် ဆို၏။

တပ်သားအက်ဒွပ်ဟားဂေါ့မှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ကြောင်း၊ ထိုပစ်ခတ်တိုက်ခိုက်မှုကို စုံစမ်းဆဲဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။

(အင်တာနက်)

အီရတ်၌ သွေးစွန်းမှုနှင့် ပျက်စီးဆုံးရှုံးမှုများ ဘုရှ်အစိုးရ ဆောင်ရွက်ခဲ့

ဘရာစီလီယာ ဇူလိုင် ၇

အီရတ်နိုင်ငံကို အမေရိကန်တို့ ဦးဆောင်တိုက်ခိုက်ခဲ့သည် စစ်ပွဲနှင့် ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန၏ အိုးပင်းဖိုရမ် အစီအစဉ်သို့ ဆက်လက်ပေးပို့လျက်ရှိကြရာ ဘရာဇီးနိုင်ငံမှ ရှုမြင်သုံးသပ်သူ တစ်ဦးက အီရတ်နိုင်ငံတွင် သွေးစွန်းစေသည့် သေဆုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်အောင် ဘုရှ်အစိုးရအဖွဲ့က လုပ်ဆောင်ခဲ့ပြီး နိုင်ငံ၏အခြေခံအဆောက်အအုံများကို ယိမ်းယိုင်ပြိုလဲစေခဲ့ကာ အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ရသည်။

အိုဆမာဘင်လာဒင်နှင့် ဆက်ဒမ်ဟူစိန်တို့ နှစ်ဦးစလုံးသည် အသက်ရှင်လျက် ရှိနေသေးသလားဆိုသည်ကိုလည်း အမှန်တကယ် ရှာဖွေမသိရှိရကြောင်း၊ ယခုအတိုင်းဆိုလျှင် အမေရိကန်တို့၏ ရည်မှန်းချက်ကဘာလဲဟု မေးရမှာဖြစ်ကြောင်း၊ ဘာကိုရယူအောင်နိုင်ဖို့ အစီအစဉ်ရှိထားသလဲ၊ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်ရေးလား၊ ပူးပေါင်းအနိုင်ကျင့်သည်ဆိုသည့် ၎င်းတို့၏ဓာတ်ပုံရိပ်အမှန်ကို ပထမဆုံးအနေနှင့် ပြောင်းလဲရန် မကောင်းပေဘူးလားဟု မေးခွန်းထုတ်ရေးသားဖော်ပြထားသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ရှိမေးနီးယားသမ္မတ ရုရှားသို့ရောက်ရှိ

မော်စကို ဇူလိုင် ၇

ရှိမေးနီးယားသမ္မတ အီလက်စကိုသည် ရှစ်နှစ်တာကာလအတွင်း ပထမဦးဆုံးသော ရှိမေးနီးယား ခေါင်းဆောင်တစ်ဦးအနေဖြင့် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ကြာသပတေးနေ့က ရောက်ရှိလာသည်။ ထိုသို့ရောက်ရှိနေစဉ်အတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံချစ်ကြည်ရေး စာချုပ်တစ်ရပ်ကို သောကြာနေ့က လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးစာချုပ်သည် အနာဂတ်ကာလ၌ နယ်ပယ်ပေါင်းစုံတွင် နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးတိုးမြှင့်စေရန် ဖန်တီးပေးမည်ဖြစ်ကြောင်း ရုရှား အီတာတာ့စ်သတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနှင့် ရှိမေးနီးယား နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် လွန်ခဲ့သည့် ခြောက်လအတွင်း ၆၀ရာခိုင်နှုန်း တိုးတက်လာသည်။

(စီစီတီဗွီ)

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် ကျင်းပသည့်(၁၅)ကြိမ်မြောက် သရက်သီးပွဲတော်ဖွင့်ပွဲတွင် သရက်သီးများ ခင်းကျင်းပြသထားရာ ကလေးငယ်များအဖွဲ့ကို ဦးဆောင်လာသူ အမျိုးသမီးကြီး တစ်ဦးက ကလေးငယ်များကို ရှင်းလင်းပြောပြနေသည်ကို ဇူလိုင် ၅ ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရာမာဒီရဲစခန်းအနီးပေါက်ကွဲမှုကြီးဖြစ်ပွား သင်တန်းဆင်း အီရတ်ရဲသားသစ် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံအနောက်ပိုင်း ရာမာဒီမြို့ ရဲစခန်းတစ်ခု အပြင်ဘက်တွင် အင်အားပြင်းထန်သည့် ပေါက်ကွဲမှုကြီးတစ်ခု စနေနေ့က ဖြစ်ပွားရာ စုဆောင်းထားသည့် အီရတ်ရဲတပ်ဖွဲ့ဝင် တပ်သားသစ် ခုနစ်ဦးထက်မနည်း သေဆုံးသွားပြီး ၅၀ ကျော် ဒဏ်ရာရရှိသွားသည်ဟု သတင်းများကဆိုသည်။ ရာမာဒီမြို့သည် ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၁၀၀အကွာတွင်ရှိပြီး ငါးရက်ကြာပြုလုပ်သော အမေရိကန်ဦးဆောင်သည့် လေ့ကျင့်ရေးသင်တန်း ပြီးဆုံးသွားသဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်လောင်း ၃၀ခန့်တို့ သင်တန်းဆင်း စစ်ရေးပြအခမ်းအနား၌ ချီတက်သရုပ်ပြနေစဉ် ယင်းပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြို့နေ မျက်မြင်သက်သေများက ပြောသည်ဟုလည်း ဖော်ပြထားသည်။

ပေါက်ကွဲမှုကြီးဖြစ်ပွားနေစဉ် အနီးအနားတွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ မရှိကြောင်း၊ အမေရိကန် ရဟတ်ယာဉ်များက ဖောက်ခွဲသူများကို ပျံဝဲရှာဖွေနေကြောင်း၊ အမေရိကန် စစ်ကားများကလည်း အလားတူရှာဖွေနေကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ

နယူးဇီလန်၌ အအေးလွန်ကဲ လမ်းနှင့်လေဆိပ်များပိတ်ထားရ

ဝယ်လင်တန် ဇူလိုင် ၆

နယူးဇီလန်နိုင်ငံသည် စနေနေ့တွင် တစ်နှစ်တာကာလအတွင်း အအေးဆုံးနေ့အဖြစ် ခံစားကြရကြောင်း၊ထိုနေ့တွင် နယူးဇီလန်တစ်နိုင်ငံလုံးရှိ လမ်းများ၊လေဆိပ်များကို ပိတ်ထားရကြောင်း၊ စာပို့လုပ်ငန်းများလည်း ရပ်ထားလိုက်ရကြောင်း သတင်းရရှိသည်။

အဆိုပါ အအေးလှိုင်းသည် အန္တာတိတ်ဘက်မှ နယူးဇီလန်နိုင်ငံဘက်သို့ သောကြာနေ့ညက ဦးတည်ဝင်ရောက်လာကြောင်း၊ထိုအအေးလှိုင်းသည် ရက်အနည်းငယ်စော၍ ဝင်လာမည်ဆိုလျှင် ပိုဆိုးမည်ဖြစ်ကြောင်းဖြင့် မိုးလေဝသခန့်မှန်းရေးပညာရှင် ဘော့မိုက်ဒါဗစ်က ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇူလိုင် ၆ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကားလမ်းများဆုံရာ အဝိုင်းတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ကျည်အပြည့်ထည့်ထားသည့် စက်သေနတ်ဖြင့် စောင့်ကြပ်လျက်ရှိစဉ်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် နေ့စဉ်နီးပါး အီရတ်တို့၏ တိုက်ခိုက်မှုကို ခံနေကြရပြီး အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၏ခြိမ်းခြောက်မှုပုံကြီးချဲ့ရန် ထောက်လှမ်းရေးအစီရင်ခံစာကိုလှည့်စားခဲ့ အမေရိကန်သံအမတ်ဟောင်းက ဘုရှ်အစိုးရကို စွပ်စွဲ

နယူးယောက် ဇူလိုင် ၆

နိုင်ဂျာမှ ယူရေနီယမ်သတ္တုကို အီရတ်နိုင်ငံက ဝယ်ယူနေသည်ဆိုသော ထောက်လှမ်းရေးအစီရင်ခံစာအား စုံစမ်းစစ်ဆေးခဲ့သည့် အမေရိကန်သံအမတ်ဟောင်းက ဆက်ဒမ်ဟူစိန်၏ ခြိမ်းခြောက်မှုအနေအထားကို ပုံကြီးချဲ့ရန်အတွက် ယင်းထောက်လှမ်းရေးသတင်းအစီရင်ခံစာကို လှည့်စားခဲ့ကြောင်း ဘုရှ်အစိုးရကို တနင်္ဂနွေနေ့က စွပ်စွဲလိုက်သည်။

ဂါဘွန်နိုင်ငံဆိုင်ရာ အမေရိကန်သံတမန်အဖြစ် ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဂျိုးဇက်ဝီလ်ဆင်က အစီရင်ခံစာ အတုဖြစ်လာသော ထောက်လှမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အသေးစိတ်စုံစမ်းစစ်ဆေးခဲ့ပြီးနောက် တနင်္ဂနွေ နေ့ထုတ်နယူးယောက်တိုင်း၌ ဆောင်းပါးရေးသား ဖော်ပြခဲ့သည်။

အဆိုပါ အစီရင်ခံစာသည် နျူကလီးယားလက်နက်များရရှိရန် ဆက်ဒမ်ဟူစိန်က ကြိုးပမ်းနေသည် ဆိုသော စွပ်စွဲချက်နှင့် မတ်လထဲ၌ အီရတ်ကို ကျူးကျော်သည့်စစ်ပွဲ တရားမျှတမှုရှိကြောင်း အမေရိကန်နှင့် ဗြိတိန်တို့၏ စွပ်စွဲချက်များကို ထောက်ခံမှုရစေရန်အတွက် သမ္မတဘုရှ်နှင့် ဗြိတိန်တို့က ဖော်ပြခဲ့သော အစီရင်ခံစာဖြစ်သည်။

အီရတ်၏ နျူကလီးယားလက်နက် အစီအစဉ်နှင့်ဆိုင်သော ထောက်လှမ်းရေးသတင်းအချို့သည် အီရတ်၏ ခြိမ်းခြောက်မှုကို ပုံကြီးချဲ့ရန် လှည့်စားထားခဲ့ကြောင်း ကောက်ချက်ချရန်မှတစ်ပါး မိမိ၌ တခြားပြောစရာမရှိကြောင်း ဝီလ်ဆင်ကရေးသားထားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံကို အမေရိကန်တပ်များသိမ်းပိုက်ထားမှု သုံးလပြည့်တော့မည် အီရတ်ပြောက်ကျားတိုက်ခိုက်မှုများ မစဲသည့်အပြင် ပို၍ဆိုးလာ ဘဂ္ဂဒက်မြို့တစ်ဝိုက် ခုခံရေးသမားများတိုက်ခိုက်သည့်တိုက်ပွဲ မဖြစ်သည့်နေ့မရှိ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သိမ်းပိုက်ထားမှုကာလသည် သုံးလပြည့်မြောက်တော့မည်ဖြစ်သော်လည်း အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များအား ပြောက်ကျားတိုက်ခိုက်မှုများမှာ မစဲသေးသည့်အပြင် ပို၍ပို၍သာတိုးနေပေသေးတော့သည်။ ဆက်ဒမ်ဟူစိန်၏ ကံကြမ္မာနှင့် ပတ်သက်၍ ယခုအချိန်အထိသဲသဲကွဲကွဲ မသိရခြင်းသည်လည်း အီရတ်ပြန်လည်တည်ဆောက်ရေးကိစ္စတွင် အခက်အခဲများ ဆက်လက်ဖြစ်ပွားလာစေသည်။

ဆက်ဒမ်ဟူစိန်အား သစ္စာခံထားသူများကို အမြစ်ပြတ်ချေမှုန်းရန် အမေရိကန်တို့ဆက်လက် ကြိုးပမ်းအားထုတ်နေစေကာမူ အီရတ်တို့ခုခံတိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် သီတင်းပတ် အတွင်း အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး ၃၆ဦး ဒဏ်ရာရရှိခဲ့သည်။ ဆက်ဒမ်ဟူစိန်အား သစ္စာခံထားသူများက လက်ပစ်ဗုံးနှင့် ရော့ကတ်တို့ဖြင့် တိုက်ခိုက်သည့် နည်းဗျူဟာကို ကျင့်သုံးနေသည်။ အီရတ်တွင် အဓိက စစ်ပွဲကြီး ပြီးဆုံးပါပြီဟု ကြေညာခဲ့သော မေ ၁ ရက် နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်၂၆ဦးထက် မနည်းကို မိမိတို့ ချေမှုန်းခဲ့ကြောင်း ဆက်ဒမ်ဟူစိန် သစ္စာခံသူများက ကြေညာသည်။ဆက်ဒမ်ဟူစိန် လိုလားသူများ အဓိကထား ခုခံတိုက်ခိုက်သည့်နေရာများကို အမေရိကန်တပ်ဖွဲ့များက ဇွန်လတွင် အဓိကထိုးစစ်ကြီးနှစ်ရပ် ဆင်နွှဲတိုက်ခိုက်ခဲ့သော်လည်း အီရတ် နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအား အီရတ်တို့ တိုက်ခိုက်မှုမှာ ချုပ်ငြိမ်းမသွားဘဲ ပို၍ပင် တိုးလာသည်။

အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များအနေဖြင့်အခြေအနေကို နိုင်အောင် ဆက်လက် ထိန်းမထားနိုင်မည်ကို စိုးရိမ်လာကြရတော့သည်။

လွန်ခဲ့သည့် သီတင်းပတ်က ဆိုလျှင် ဘဂ္ဂဒက်မြို့နှင့် ဘဂ္ဂဒက်မြို့ မြောက်ဘက်နှင့် အနောက်ဘက်ဒေသများ၌ အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်သည့်တိုက်ပွဲ မဖြစ်သည့်နေ့ဟူ၍ တစ်ရက်မှမရှိဘဲ ဖြစ်ခဲ့ရသည်။

အီရတ် ခုခံရေးသမားများက အမေရိကန်ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုနှင့် ဆက်စပ်နေသော အီရတ်တို့ကိုပါ ပစ်မှတ်ထားတိုက်ခိုက်နေသည်။ **(အင်တာနက်)**

အီရန်နိုင်ငံ၏နျူကလီးယားကိစ္စ ပိုမိုပွင့်လင်းမှုရှိရန် အိုင်အေအီးအေအကြီးအကဲကပြောကြား

ရောမ ဇူလိုင် ၇

အီရန်နိုင်ငံ၏ နျူကလီးယားရေးရာကိစ္စနှင့်ပတ်သက်ပြီး ပိုမိုပွင့်လင်းမှုရှိရန် နှင့် နောက်ဆက်တွဲ စာချုပ်တစ်ရပ်တွင် လက်မှတ်ရေးထိုးရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ အိုင်အေအီးအေအကြီးအကဲဖြစ်သူ မိုဟာမက်အယ်လ်ဘာရာဒီက ပြောကြားလိုက်သည်။ အယ်လ်ဘာရာဒီသည် အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိနေပြီး ထိုသို့ရောက်ရှိနေစဉ်၌ အိုင်အေအီးအေ၏ အဓိကဦးစားပေးလုပ်ဆောင်မှုသည် အီရန်နိုင်ငံအနေနှင့် ၎င်း၏နျူကလီးယားဆိုင်ရာ အစီအစဉ်မှန်သမျှကို အိုင်အေအီးအေသို့ ထုတ်ဖော်ပြောကြားလာရန်နှင့် အီရန်၏ အစီအစဉ်သည် လုံခြုံစိတ်ချရမှုရှိရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အယ်လ်ဘာရာဒီသည် လာမည့်ဗုဒ္ဓဟူးနေ့တွင် အီရန်သို့သွားရောက်ရန်ရှိသည်။ အီရန်နိုင်ငံ၌ နျူကလီးယားဆိုင်ရာ ရှောင်တခင်စစ်ဆေးမှုများကို ပိုမိုခွင့်ပြုသွားရန် ကုလသမဂ္ဂ၊ အမေရိကန်၊ ရုရှားနှင့် ဥရောပသမဂ္ဂတို့က တိုက်တွန်းလျက်ရှိသည်။ **(စီစီတီဗွီ)**

ပဉ္စမအကြိမ် အာရှ-ဥရောပ စီးပွားရေးဝန်ကြီးများညီလာခံ တရုတ်နိုင်ငံ ဒါလီယန်၌ ယခုလကျင်းပမည်

ဘေဂျင်း ဇူလိုင် ၇

ပဉ္စမအကြိမ်မြောက် အာရှ-ဥရောပ စီးပွားရေးဝန်ကြီးများ၏ ညီလာခံကို တရုတ်နိုင်ငံ ဒါလီယန်၌ ယခုလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါညီလာခံတွင် ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၅ နိုင်ငံ၊ ဥရောပကော်မရှင်၊ အာဆီယံ အဖွဲ့ဝင် ခုနစ်နိုင်ငံ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့တက်ရောက်မည်ဟု မျှော်လင့်ထားသည်။ ထိုညီလာခံ၌ နိုင်ငံတကာနှင့် ဒေသတွင်းတွင်ကမ္ဘာ့ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းမှု ဆွေးနွေးပွဲအတွက် ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ယင်းဆွေးနွေးပွဲကို အိမ်ရှင်အနေဖြင့် ပထမဦးဆုံး အကြိမ်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။ ဆွေးနွေးပွဲ၌ ဝန်ကြီးများသည် ကမ္ဘာ့စီးပွားရေးအခြေအနေများကို ဖြစ်ပေါ်လာနိုင်သည့်အခက်အခဲများနှင့် ယုံကြည်စိတ်ချမှု ပြန်လည်ရရှိလာစေရန် ရည်ရွယ်ပြီး ပြန်လည်သုံးသပ်မည် ဖြစ်သည့်အပြင် အာရှ-ဥရောပ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်တို့ကို အဓိကထား ဆွေးနွေးကြမည်ဖြစ်သည်။

ယခုလတွင်ကျင်းပမည့် ဆွေးနွေးပွဲသည် တရုတ်နိုင်ငံ၌ ဆားစ်ရောဂါဖြစ်ပွားပြီးနောက် ပထမဆုံးအကြိမ် အဆင့်မြင့် နိုင်ငံတကာ စည်းဝေးပွဲဖြစ်သည်။ **(စီစီတီဗွီ)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖမ်းဆီးထားသော တူရကီတပ်ဖွဲ့ဝင် ၁၁ ဦး အမေရိကန်တို့ ပြန်လွှတ်ပေးလိုက်ပြီ

အန်ကာရာ ဇူလိုင် ၆

နေတိုးအဖွဲ့ဝင် အမေရိကန်နှင့် တူရကီနှစ်နိုင်ငံအကြား တင်းမာမှုဖြစ်စေခဲ့သော အီရတ်နိုင်ငံမြောက်ပိုင်း၌ အမေရိကန်တပ်များ ဖမ်းဆီးခဲ့သည့် တူရကီတပ်ဖွဲ့ဝင်၁၁ဦးကို အမေရိကန်ပြည်ထောင်စုက တနင်္ဂနွေနေ့၌ ပြန်လွှတ်ပေးလိုက်ပြီဖြစ်သည်။

ဘဂ္ဂဒက်မြောက်ဘက် ဆူလေမန်နီယာမြို့မှ ဖမ်းဆီးသွားခဲ့သော ယင်းတပ်ဖွဲ့ဝင်များသည် လုံခြုံရေးအခြေအနေကြောင့် အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်၌ ထိန်းသိမ်းထားရာမှ... ဘဂ္ဂဒက်၌ ထိုညကရှိခဲ့ပြီး တနင်္လာနေ့ အစောပိုင်း၌ ဆူလေမန်နီယာသို့ ခေါ်ဆောင်လာမည်ဖြစ်သည်ဟု အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

တနင်္ဂနွေနေ့ အစောပိုင်း၌ တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်နှင့် အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီတို့ ဆွေးနွေးပြောဆိုခဲ့ကြပြီးနောက် ထိုသို့လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။

လွှတ်ပေးလိုက်သော တပ်ဖွဲ့ဝင် ၁၁ဦးမှာ သောကြာနေ့တွင် ဆူလေမန်နီယာ၌ ဖမ်းဆီးထိန်းသိမ်းကာ ဘဂ္ဂဒက်သို့ခေါ်ဆောင်သွားခဲ့သောလူ ၂၄ဦးထဲမှဖြစ်သည်။ **(အင်တာနက်)**

တူရကီနိုင်ငံ အန်ကာရာမြို့လယ်တွင် ဓာတ်ဆီဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားရာ တူရကီ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရန် ကြိုးစားနေကြသည်ကို ဇူလိုင် ၅ရက်က တွေ့မြင်ရစဉ်။ အဆိုပါ မီးလောင်မှုကြောင့် လူပေါင်း ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ဓာတ်ဆီဆိုင်ပေါက်ကွဲ လူ ၁၀၀ကျော် ဒဏ်ရာရ

အန်ကာရာ ဇူလိုင် ၆

တူရကီနိုင်ငံ အန်ကာရာမြို့ရှိ ဓာတ်ဆီဆိုင်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူအများစုသည် ဓာတ်ဆီဆိုင်တည်ရှိရာ အဆောက်အအုံ၏ သုံးထပ်မြောက်တွင် ကျင်းပသည့် မင်္ဂလာအခမ်းအနား တစ်ခုကို တက်ရောက်နေစဉ် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးလောင်မှုမှ လွတ်မြောက်ရန် ခုန်ချထွက်ပြေးခဲ့ကြကြောင်း သိရသည်။ ဓာတ်ဆီတင်ယာဉ်များ ဆီဖြည့်ရန် လာရောက်စဉ် ယခုလို ပေါက်ကွဲမှုဖြစ်ပွားခဲ့ ခြင်းဖြစ်သည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်မြို့တွင် ဇူလိုင် ၆ရက်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အီရတ်တို့ ပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရခြင်းအပေါ် စိုးရိမ်မကင်းဖြစ်ကာ အီရတ်ပြည်သူများအား အမေရိကန်တပ်ဖွဲ့ဝင်များက လက်နက်ရှာဖွေမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖြိုးဖြိုးဖြောင့်ဖြောင့်၊ ထိန်းထိန်းသိမ်းသိမ်း၊ ထုတ်ကုန်မြှင့်

ဘဂ္ဂဒက်မြို့၌စိန်ပြောင်းဖြင့်အတိုက်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင် ၁၉ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၆

ဘဂ္ဂဒက်မြို့တွင် သေနတ်နှင့် အပစ်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။ မြို့တော်၏ မြောက်ဘက်ရှိ ဘာလက်မြို့တွင် စိန်ပြောင်းဖြင့် အတိုက်ခံရသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၉ဦး ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ဘာလက်မြို့သည် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၇၅ကီလိုမီတာ (၄၅မိုင်)အကွာတွင် တည်ရှိသည်။ ဒဏ်ရာရရှိသွားသူများ၏ အခြေအနေကို မသိရသေးဟု ဆိုသည်။ ထိုသတင်းများကို အမေရိကန် ကျွမ်းကျင်သူ ဂီရိဗာနီလာရီနက်က ပြောကြားခြင်း ဖြစ်သည်။

အခြားတစ်နေရာ၌လည်း ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်။ ထိုတပ်ဖွဲ့ဝင်သည် ဘရက်ဒလေသံချပ်ကာယာဉ်ဖြင့် ကင်းလှည့်နေစဉ် အပစ်ခံရသည်ဟု ယူဆရသည်။

ယမန်နေ့ညနေပိုင်းက ဘဂ္ဂဒက်တွင် သေနတ်ပစ်မှုတစ်ခုဖြစ်ပွားပြီး အမေရိကန်အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင် အပစ်ခံရခြင်း ဖြစ်သည်။ ၎င်းကို နီးစပ်ရာ ဆေးတပ်ဖွဲ့သို့ခေါ်သွားရာ ဆေးဝါးကုသနေစဉ်သေဆုံးသွားရကြောင်း ဗိုလ်မှူးဆင်ဂဗ်ဆန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်သို့ ပြန်ခွင့်ရသော်လည်း မပြန်ဘဲနေသည့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး မိုင်းရှင်းလင်းစဉ် ပစ်သတ်ခံရ

ပေါ့တ်လင်း(အေပီ) ဇူလိုင် ၆

လွန်ခဲ့သည့်လက အမေရိကန်ပြည်ထောင်စုရှိ မိမိနေရပ်သို့ပြန်ခွင့်ရသည်ကို မပြန်ဘဲ အီရတ်နိုင်ငံ၌ ဆက်လက်တာဝန်ထမ်းဆောင်နေခဲ့သူ မရိန်းတပ်သားတစ်ဦးသည် အီရတ်နိုင်ငံတွင် ပစ်သတ်ခံလိုက်ရသည်။

အီရတ်စစ်ပွဲတွင် အောင်ပွဲဆင်ခဲ့ပြီဟု အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်က ကြေညာခဲ့ပြီးနောက်ပိုင်း မိမိနေရပ်ကို ပြန်ခွင့်ရရှိသည့် အော်ရီဂွန်မရိန်းတပ်သားတစ်ဦးသည် နေရပ်သို့မပြန်သေးဘဲ မရိန်းတပ်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေစဉ် ဗုဒ္ဓဟူးနေ့က ယင်းကဲ့သို့ ပစ်သတ်ခံရခြင်း ဖြစ်သည်။

သေဆုံးသူမှာ အော်ရီဂွန်ပြည်နယ်သား အမေရိကန်မရိန်းတပ်မှ တပ်ကြပ်ကြီးဗစ်ဂျေဘရာဒတ်နောလ် (၂၁နှစ်)ဖြစ်သည်။ သူသည် ပေါ့တ်လင်းမြို့သားဖြစ်ပြီး ဗုဒ္ဓဟူးနေ့က မိုင်းရှင်းလင်းနေစဉ် ပစ်သတ်ခံရခြင်းဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဂျေဘရာဒတ်နောလ်သည် အမှတ်(၇) အင်ဂျင်နီယာထောက်ပံ့ရေး တပ်ရင်းမှဖြစ်ကြောင်း၊ အီရတ်စစ်ပွဲတွင် အမေရိကန်တို့ အောင်ပွဲဆင်ခဲ့ပြီဟု ကြေညာပြီးနောက်ပိုင်းများမကြာမီတွင် သူ့ကို ကယ်လီဖိုးနီးယားတောင်ပိုင်း ပင်ဒယ်လ်တန်စခန်း(ကင့်ပင်ဒယ်လ်တန်)သို့ ပြန်ခွင့်ပေးခဲ့ကြောင်း၊ သို့ရာတွင် သူကမပြန်ဘဲ နောက်ထပ်သုံးလ စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ခွင့် တောင်းခဲ့ကြောင်း ပေါ့တ်လင်းမှ ရောဘတ်ဂျော်ကီက ပြောသည်။

ရောဘတ်ဂျော်ကီ၏သား တိုင်လာသည် ဘရာဒတ်နောလ်နှင့်အတူ လွန်ခဲ့သည့်နှစ်နှစ်ခွဲခန့်က အမေရိကန်မရိန်းတပ်သို့ ဝင်ခဲ့သည်။

ဘရာဒတ်နောလ်သည် အော်ရီဂွန်ပြည်နယ်သားများ ထဲတွင် အီရတ်နိုင်ငံ၌ အဓိကစစ်ပွဲအပြီး ပထမဆုံးပစ်သတ်ခံရသူဖြစ်သည်။ အီရတ်နိုင်ငံတွင် အဓိကစစ်ပွဲပြီးဆုံးသွားပြီဟု မေ ၁ရက်က ကြေညာခဲ့သည်။

ဘရာဒတ်နောလ်၏အလောင်းကို အော်ရီဂွန်ပြည်နယ်သို့ လာမည့် သီတင်းပတ်တွင် ပြန်ပို့ပေးရန် မျှော်လင့်ထားကြောင်း၊ အသုဘအခမ်းအနားပြုလုပ်မည့်အစီအစဉ်မရှိကြောင်းဖြင့် ဂျော်ကီကပြောသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန်စစ်စခန်းကို အီရတ်တို့တိုက်ခိုက်

ဘဂ္ဂဒက် ဇူလိုင် ၆

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်ရှိ စစ်စခန်းကို ဒုံးကန်အားသုံးလက်နက်များဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ အမှတ် (၁) တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး ၁၈ဦး ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်ခံရ

ရာမာဒီရှိ အမေရိကန်တပ်ဖွဲ့များသည်လည်း ဒုံးကျည်များ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခြင်းခံခဲ့ရကြောင်း၊ ယခု တိုက်ခိုက်မှုများ နောက်ကွယ်တွင် ဆက်ဒမ်ဟူစိန် ရှိနေသည်ဟု အမေရိကန်တို့က ပြောကြားခဲ့သည်။

အမြင်ကွဲပြား

အမေရိကန်များအား ဆန့်ကျင်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ဘဂ္ဂဒက်မြို့လူထု၏ အမြင်များ ကွဲပြားလျက်ရှိကြောင်း သတင်းရရှိသည်။ **(စီအက်ဖ်အိုင်)**

အီရတ်၏အကြီးဆုံး ရေနံချက်စက်ရုံ လုယက်မှုများကြောင့် အပြည့်အဝ ထုတ်လုပ်နိုင်ခြင်းမရှိ

ဘေဂျီ ဇူလိုင် ၇

အီရတ်နိုင်ငံအနှံ့ ဖြစ်ပွားနေသော လုယက်မှုများက အီရတ်၏ အကြီးမားဆုံး ရေနံချက်စက်ရုံဖြစ်သော ဘေဂျီရေနံချက် စက်ရုံမှ ရေနံအပြည့်အဝထုတ်လုပ်နိုင်ရေးကို အဟန့်အတား ပြုလျက်ရှိကြောင်း အီရတ် ရေနံအရာရှိကြီးတစ်ဦးကပြော ဆိုသည်။

အဆိုပါ ဘေဂျီရေနံချက်စက်ရုံသည် စစ်မဖြစ်မီက ရှိခဲ့သော အဆင့်၏ ၇၀ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ရေနံချက်စက်ရုံ၏ ဓာတ်အားလိုင်းများကို လုယက်ယူငင်ခြင်းသည် အဆိုပါရေနံချက်စက်ရုံ၏ ထုတ်လုပ်နိုင်စွမ်းကို တစ်နေ့ရေနံစည် ၃၀၀၀၀၀ အောက်သို့ ရောက်စေခဲ့သည်။ စက်ရုံကိုလည်း မကြာခဏ ပိတ်စေခဲ့သည်။

ယင်းရေနံချက်စက်ရုံ၏ စစ်မဖြစ်မီက ထုတ်လုပ်နိုင်မှုသည် တစ်နေ့လျှင် ရေနံစည် ၂၅၀၀၀၀ရှိခဲ့ပြီး ယခုအခါ ယင်းထုတ်လုပ်မှု အဆင့်၏ ၇၀ရာခိုင်နှုန်းသာ ရှိသည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

အသက်(၁၀၆)နှစ်ရှိ တရုတ် ဟိုင်နန်ပြည်နယ်မှ အဘွား အတွင်းတိမ်ခွဲစိတ်ပြီး မျက်စိအမြင် ပြန်ကြည်လင်လာ

ဟိုင်ကူ ဇူလိုင် ၆

အသက် (၁၀၆)နှစ်အရွယ်ရှိ တရုတ်ပြည်တောင်ပိုင်း ဟိုင်နန်ပြည်နယ်မှ အဘွားအိုတစ်ဦးသည် သူမ၌ ဖြစ်ပွားနေသော မျက်စိအတွင်းတိမ်ကို ခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက် မျက်စိအမြင်အာရုံ ပြန်လည်ရရှိသွားခဲ့သည်။

အမြင်အာရုံပြန်ရ

ပြတ်ပြတ်သားသား ကြည်ကြည်လင်လင်ရှိသော အမြင်အာရုံကို တစ်ကြိမ်ပြန်ရခဲ့ပြီဖြစ်ကြောင်း ခွဲစိတ်မှုအပြီး၌ ဆန့်ဘိုဒါဆိုသူ အဘွားအိုက ပြောကြားသည်။

အဘွား ဆန့်ဘိုဒါသည် တရုတ်ပြည်တွင် မျက်စိအတွင်းတိမ်ကို ခွဲစိတ်ကုသမှုခံယူသော လူနာများတွင် အသက်အရွယ် အကြီးဆုံး ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ် အလုပ်သမား ၄၀၀၀၀ ပင်လယ်ရပ်ခြားသို့စေလွှတ်ထား

ဟနွိုင်း ဇူလိုင် ၆

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ပင်လယ်ရပ်ခြားသို့ အလုပ်သမား ၄၀၀၀၀ကို စေလွှတ်ပြီးခဲ့ရာ နှစ်စဉ်လျာထားချက်၏ ၈၀ ရာခိုင်နှုန်း ဖြစ်သည်ဟု ဗီယက်နမ်နယူးစ်က စနေနေ့တွင် သတင်းဖော်ပြသည်။

လစဉ်ပြည်ပသို့ အလုပ်သမား ၇၀၀၀ကျော် မိမိတို့ ပို့ပေးခဲ့ကြောင်း၊ သို့ရာတွင် မေလထဲ၌ ၂၀၀၀အထိလျော့ကျခဲ့ကြောင်း၊ အာရှ၌ ကူးစက်မြန် ပြင်းထန် နမိုးနီးယား SARS ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း အလုပ်သမားရေးရာနှင့်လူမှုရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပြည်ပအလုပ်သမားများ ပြန်ကြားရေးနှင့် အတိုင်ပင်ခံဌာန ညွှန်ကြားရေးမှူး ငုယင်ဂျီလီအမ်က ပြောကြားသည်။

အစဉ်အလာဈေးကွက်ဖြစ်သော အရှေ့၊ ဥရောပနှင့် ယခင်ဆိုဗီယက်ပြည်ထောင်စုအပြင် အာရှနှင့်အရှေ့အလယ်ပိုင်းတွင် အလုပ်သမားပို့ပေးရေးဈေးကွက်သစ်များရရှိရန် ဗီယက်နမ်နိုင်ငံက ကြိုးပမ်းနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့ပိုင်း အင်ဟွိုင်ပြည်နယ် ဝမ်ဂျီယာဘာဒေသအတွင်း၌ ရေလွှမ်းမိုးမှု ခံရသည့် ဒေသခံများအား ဇူလိုင် ၆ရက်က ရေဘေးကယ်ဆယ်ရေး ပစ္စည်းများ ဝေငှပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

8-7 (6).p65 1 3/25/05, 8:38 PM

အမေရိကန်၏ဗိုလ်ကျစိုးမိုးမှု အာဖရိကနိုင်ငံများလက်မခံ အာဖရိကအရေး ဘုရှ်ဝင်စွက်လျှင် ပြန်နှင်ထုတ်မည် ဇင်ဘာဘွေသမ္မတမူခါဘီ လူထုအစည်းအဝေး၌ပြောကြား

ဟာရာရေး ဇူလိုင် ၇

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် လာမည့်သီတင်းပတ်တွင် အာဖရိကသို့ လာရောက်လည်ပတ်စဉ် ဇင်ဘာဘွေပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းလာမည်ဆိုပါက အာဖရိကတောင်ပိုင်းနိုင်ငံများက လက်မခံဘဲပယ်ချကြလိမ့်မည်ဖြစ်ကြောင်း ဇင်ဘာဘွေသမ္မတ ရောဘတ်မူခါဘီက စနေနေ့က ပြောကြားသည်။

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်သည် မိမိတို့နိုင်ငံများတွင် မိမိတို့ မည်သို့မည်ပုံပြုလုပ်ရမည်ဟု ဗိုလ်ကျစိုးမိုးကာပြောဆိုလာမည်ဆိုပါက လက်မခံဘဲ မိမိတို့က ဘုရှ်ကို **"ပြန်သွား" "အိမ်ပြန်သွားတော့ ယန်းကီး"** ဟု ပြောလွှတ်လိုက်မည် ဖြစ်ကြောင်းဖြင့်လည်း မူခါဘီက ဆက်လက်ပြောကြားသည်။

ဇင်ဘာဘွေတောင်ပိုင်း မတ်စဗင်ဂိုပြည်နယ် လူထုအစည်းအဝေး တစ်ရပ်၌ မူခါဘီက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ ယင်းပြောကြားချက်ကို ဇင်ဘာဘွေအစိုးရ ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်သွားသည်။

နိုင်ငံရေးအပြောင်းအလဲပြုလုပ်နိုင်ရန် မူခါဘီအား ဖိအားပေးဖို့ အမေရိကန်ပြည်ထောင်စုက အာဖရိကတောင်ပိုင်းနိုင်ငံများအား လွန်ခဲ့သည့်လက တိုက်တွန်းခဲ့သည်။ ဇင်ဘာဘွေနိုင်ငံ၌ မငြိမ်မသက်ဖြစ်မှုများနှင့် စီးပွားရေးအကျပ်အတည်းများဖြစ်နေခြင်းသည် ကိုင်တွယ်ဖြေရှင်းခြင်း မပြုပါကဒေသတည်ငြိမ်မှုကိုအန္တရာယ်ပြုခြိမ်းခြောက် လာလိမ့်မည်ဟုလည်း အမေရိကန်ပြည်ထောင်စုကဝင်ရောက်စွက်ဖက် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဘုရှ်သည် အာဖရိကတောင်ပိုင်းသို့ ဇူလိုင် ၇ ရက်မှ ၁၂ ရက်အထိ လာရောက်လည်ပတ်စဉ်အတွင်း ဇင်ဘာဘွေ အိမ်နီးချင်းနိုင်ငံများဖြစ်သော တောင်အာဖရိကနှင့် ဘော့ဆွာနာတို့သို့လည်း လာရောက်လည်ပတ်ဦးမည်ဖြစ်သည်ဟုသိရသည် **အမ်အင်အေ၊ ဆင်ဟွာ**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာ ခေတ်သစ်တံခါးဖွင့်ကြမည် နှစ်နိုင်ငံတိုက်ရိုက်သွားလာနိုင်မည့်လမ်းဖောက်ရန် သဘောတူညီ အေအာအက်ဖ်သို့ဘင်္ဂလားဒေ့ရှ်ဝင်ရောက်ရေး မြန်မာထောက်ခံ

ဒါကာ ဇူလိုင် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွင် နှစ်နိုင်ငံသဘောထား အမြင်ချင်းထပ်တူညီမှုကြောင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်တို့က တနင်္ဂနွေနေ့က ထုတ်ဖော်ပြောကြားကြသည်။

ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ကြားရှိ လက်မှတ်ရေးထိုးသဘောတူထားပြီးဖြစ်သော သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ(အမ်အိုယူ)များကို စနစ်တကျအကောင်အထည်ဖော်ကြမည်ဆိုပါက အိမ်နီးချင်းနှစ်နိုင်ငံကြား ခေတ်သစ်တံခါးများ ပွင့်သွားလိမ့်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ခါလီဒါဇီယာနှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်တို့တွေ့ဆုံစဉ်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တရားဝင်ဘင်္ဂလားဒေ့ရှ် သတင်းဌာနက ဖော်ပြသည်။

မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သုံးရက်ကြာလည်ပတ်ရန် ဒါကာမြို့သို့ စနေနေ့က ရောက်ရှိလာခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ လည်ပတ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ခဲ့သည်တို့ကို မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က ပြန်လည်ပြောကြားပြီး ခေါင်းဆောင်နှစ်ဦး ထိုသို့လည်ပတ်ခဲ့ကြခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး အထူးသဖြင့် နှစ်နိုင်ငံ ပြည်သူများ အချင်းချင်း ရင်းနှီးစွာ ဆက်ဆံမှုတည်ဆောက်ရေးတွင် ဆက်လက်၍ ထူးထူး ခြားခြား အကျိုးပြုသွားလိမ့်မည်ဟု မှတ်ချက်ချပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ခါလီဒါဇီယာသည် မြန်မာနိုင်ငံသို့ မတ်လတွင် လာရောက်လည်ပတ်ခဲ့သည်။ ထိုသို့လည်ပတ်စဉ် အိမ်နီးချင်း နှစ်နိုင်ငံကြား တိုက်ရိုက်သွားလာနိုင်သည့် လမ်းဖောက်လုပ်ရေးလုပ်ငန်းစတင်ရန် သဘောတူညီခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုတိုးမြှင့်ရေး သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ အမြောက်အမြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ခါလီဒါဇီယာက အာဆီယံဒေသဆိုင်ရာ ဖိုရမ်(အေအာအက်ဖ်)သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝင်ရောက်ရေးကိစ္စကို ဆွေးနွေးတင်ပြရာ မြန်မာနိုင်ငံခြားရေး ဝန်ကြီးကမြန်မာနိုင်ငံအနေဖြင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ အေအာအက်ဖ် ဝင်ရောက်ရေးကိစ္စကို အပြည့်အဝထောက်ခံမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘုရှ်လာမည့်ကိစ္စ ကန့်ကွက်ဆန္ဒပြ

ဂျိုဟန်နစ္စဘတ် ဇူလိုင် ၇

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်ရှိ လိုင်ဘရီဂါဒင်း၌ လူ၅၀၀ခန့်သည် စနေနေ့က သမ္မတဘုရှ်လာမည့်ကိစ္စကို ဆန္ဒပြကန့်ကွက်ခဲ့ကြပြီး အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်ကို လက်မခံရန် သမ္မတသာဘိုအမ်ကိုတောင်းဆိုလိုက်ကြသည်။

"ဘုရှ်၊ သင့်ကိုဤနေရာက မကြိုဆို" ဟု ဆန္ဒပြပိုစတာတစ်ခု၌ ရေးသားထားပြီး အခြားဆန္ဒပြပိုစတာ၌ အမ်ဘီကီ ဘုရှ်ကို လက်မခံကြပါနှင့်ဟူ၍ ရေးသားထားသည်။

ဘုရှ်သည် တောင်အာဖရိကသို့ အင်္ဂါနေ့နှင့်ဗုဒ္ဓဟူးနေ့တွင်လာရောက်ရန် အစီအစဉ်ရှိသည်။ ၎င်းသည် ပရီတိုရီယာမြို့ ရှိယူနီယံအဆောက်အအုံ၌ အမ်ဘီကီနှင့် တွေ့ဆုံဖွယ်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇူလိုင် ၆ ရက်က ဘဂ္ဂဒက်တက္ကသိုလ်၌ အမေရိကန်စစ်သားတစ်ဦးကို အမည်မသိ တိုက်ခိုက်ရေးသမားက ခေါင်းကိုသေနတ်ဖြင့်ပစ်ခတ်သဖြင့် ဒဏ်ရာရသွားသည်။ ၎င်းအမေရိကန် စစ်သားကို ဆေးကုသရန်ပြင်ဆင်နေပြီး သေနတ်ဖြင့်ပစ်ခတ်သူဟု သံသယရှိသူ (ထိုင်နေသူ) အား လက်ထိပ်ခတ်ထားသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ကန်စစ်သားတစ်ဦးပစ်ခတ်ခံရ

ဘဂ္ဂဒက်(ရိုက်တာ) ဇူလိုင် ၇

အီရတ်နိုင်ငံအား သိမ်းပိုက်ထားသည့် အမေရိကန်တပ်ဖွဲ့များအား လက်ရဲဇက်ရဲတိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားသဖြင့် အမေရိကန် စစ်သားတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း၊ထိုစဉ်တွင် ဆက်ဒမ်ဟူစိန်သည် အသက်မသေသေးဘဲ ရှင်သန်သွားလာနေဆဲဖြစ်နိုင်သည်ဟု ထောက်လှမ်းရေးသတင်းများရရှိထားကြောင်း အမေရိကန်ထိပ်တန်းနိုင်ငံရေးသမားတစ်ဦးကပြောကြားကြောင်း သတင်းရရှိသည်။

အမေရိကန်စစ်သားတစ်ဦးသည် ဘဂ္ဂဒက်တက္ကသိုလ်တွင် တနင်္ဂနွေနေ့က အပစ်ခံရပြီး သေလောက်သည့် ဆိုးဆိုးရွားရွားဒဏ်ရာရရှိသွားကြောင်း၊ ထိုစဉ်တွင် ရာမာဒီမြို့၌ ဒုံးကန်အားသုံးလက်ပစ်ဗုံးများဖြင့် ချုံခိုတိုက်ခိုက်၍ လေးဦးဒဏ်ရာရရှိသွားကြောင်း၊ရာမာဒီမြို့သည် ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင် ၆၀ ခန့်အကွာတွင် ရှိသော စိတ်မချရသည့် မအေးချမ်းသော မြို့တစ်မြို့ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ **(အင်တာနက်)**

ခေါင်းချင်းဆက်အီရန်အမြွှာညီအစ်မကို စင်ကာပူ၌ စတင်ခွဲစိတ်

စင်ကာပူ ဇူလိုင် ၇

ဦးခေါင်း၌ဆက်နေသော အသက် (၂၉)နှစ်အရွယ်ရှိ အီရန်အမြွှာ ညီအစ်မကို စင်ကာပူ၌ တနင်္ဂနွေနေ့က စတင်ခွဲစိတ်ကြောင်း ရက်ဖဲလ်ဆေးရုံအရာရှိ တစ်ဦးက ပြောကြားသည်။

ဥပဒေဘွဲ့ရ ဦးခေါင်းဆက်အမြွှာညီအစ်မခွဲစိတ်ကုသရေးနှင့် ပတ်သက်၍ နိုဝင်ဘာလမှစပြီး စမ်းသပ်စစ်ဆေးမှုများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ အမြွှာညီအစ်မက တစ်သီးတစ်ခြားစီ ဘဝရှင်သန်စေဖို့အတွက် အသက်သေဆုံးနိုင်ကြသည့် အလားအလာရှိသော စွန့်စားမှုကိုလုပ်ရန် ဆန္ဒရှိကြကြောင်း ပြောဆိုခဲ့ကြသည်။

အမြွှာညီအစ်မအား အကြိုခွဲစိတ်ကုသမှုစစ်ဆေးခြင်းကို တနင်္ဂနွေနေ့ နံနက် ၈ နာရီခွဲ၌ စတင်ခဲ့သည်ဟု ဆေးရုံပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နောက်ထပ်ရိုက်တာက ပေးပို့သောသတင်း၌ အမြွှာညီအစ်မနှစ်ဦး၏ ဦးနှောက်များကို အလုပ်လုပ်ပေးနေသော ပင်မသွေးကြောကို တနလ်ာနေ့ အစောပိုင်း၌ စင်ကာပူဆရာဝန်များက ခွဲခြားထုတ်ရန် ကြိုးပမ်းခဲ့ချိန်တွင် အခြေအနေမှာ အရေးကြီးသော အဆင့်တစ်ရပ်သို့ ရောက်ရှိခဲ့သည်ဟု ဖော်ပြထားသည်။

အမြွှာညီအစ်မအား တစ်သီးတစ်ခြားဖြစ်အောင် ခွဲစိတ်ရာတွင် ဆရာဝန် ဒါဇင်များစွာနှင့် အထောက်အကူပြု ဆေးရုံအမှုထမ်းများစွာပါဝင်ကူညီခဲ့ကြသည်။ ခွဲစိတ်ကုသမှုမှာ နှစ်ရက်ထက်မနည်း ကြာဖွယ်ရှိပြီး သုံးရက်ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု ဆိုသည်။

စင်ကာပူ ဆရာဝန်များသည် အလားတူ နို့စို့အရွယ် ခေါင်းချင်းဆက် နီပေါမှအမြွှာညီအစ်မကို ၂၀၀၁ ခုနှစ်၌ ခွဲစိတ်ကုသပေးခဲ့သော်လည်း ယခုကဲ့သို့အသက်ကြီးခေါင်းချင်းဆက်အမြွှာကို ခွဲစိတ်မှုများ တစ်ခါမျှ မကြုံဖူးကြောင်း ကျွမ်းကျင်သူများက ပြောဆိုကြသည်။ **အမ်အင်အေ၊ ရိုက်တာ**

ဇူလိုင် ၆ ရက်က စင်ကာပူနိုင်ငံ ရက်ဖဲလ်ဆေးရုံကြီး၌ အီရန် ခေါင်းချင်းဆက် အမြွှာညီအစ်မအားခွဲစိတ်ရန် ဆရာဝန်များက ပြင်ဆင်နေကြစဉ်။ ယင်း ခွဲစိတ်မှုကို ဒေါက်တာ ကက်သ်ဂေါ့ချ်က ဦးဆောင်ကာ ၄၈ နာရီကြာ ခွဲစိတ်မည်ဖြစ်သည်။ အဆိုပါ ခွဲစိတ်မှုသည် ဦးနှောက်များ သီးခြားစီရှိနေကြ၍ ခွဲစိတ်မှုအောင်မြင်နိုင်မည်ဖြစ်ကြောင်း ဆရာဝန်များက ပြောဆိုကြသည်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ဖြစ်ပွားသောတိုက်ခိုက်မှုအသစ် အမေရိကန်စစ်သား နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်တွင် ညကဖြစ်ပွားခဲ့သော တိုက်ခိုက်မှုသစ်များတွင် အမေရိကန်စစ်သားနှစ်ဦးသေဆုံးကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက တနလ်ာနေ့က ပြောကြားသည်။

ဘဂ္ဂဒက်၏အဇာမီယာအရပ်တွင် အီရတ်သေနတ်သမားကို ကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့ကလိုက်လံဖမ်းဆီးခိုက် စစ်သားတစ်ဦးသေဆုံးခဲ့ကြောင်းပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။ ပစ်ခတ်မှုအတွင်း အီရတ်သေနတ်သမားသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိသည်ဟုဆိုသည်။ဒုတိယအမေရိကန်စစ်သားမှာ ကာဒီမီယာ၌ စစ်ယာဉ်တန်းဖြင့်သွားစဉ် ဒုံးကန်အားသုံးလက်ပစ်ဗုံး ထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၄)

မောင်ရင်မှိုင်း

စကား စကားပြောပါများ

၂၀၀၃ခုနှစ် မေလ ၆ ရက်နေ့၊ ၀၅း၀၀နာရီ။

'အန်တီစု'ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ ရန်ကုန်ကနေ ကားနှစ်စီးနဲ့ စထွက်ပြီး ယာဉ်မောင်းဦးစိန်ဝင်းမောင်းနှင်တဲ့ ဒိုင်နာကား အဖြူရောင်ကတော့ တနင်္သာရီတိုင်း/စည်းဥက္ကဋ္ဌ ဦးလှမင်း၊ လူငယ်စည်းရုံး တာဝန်ခံ အောင်ထူး၊ လူငယ်လုံခြုံရေးအဖွဲ့ဝင် ကျော်ဇင်ဝင်းနဲ့ ဗဟန်းမြို့နယ် အတွင်းရေးမှူး ထွန်းမြင့်တို့ ငါးယောက်ကိုတင်ပြီး မနက် သုံးနာရီကတည်းက ကြိုထွက်သွားလေရဲ့။

ကျွန်တော် ဒီတစ်ခေါက် ခရီးထွက်ရတာ ခါတိုင်းခရီးစဉ်တွေလို လန်းဆန်းတက်ကြွမှုတွေမဖြစ်ဘဲ စိတ်တွေလေးနေသလိုပဲ။ ခရီးစဉ်အတွင်း တစ်နေရာမဟုတ် တစ်နေရာမှာ တစ်ခုခုဖြစ်မယ်ဆိုတာကြီးကို ကြိုသိနေသလိုမျိုး စိုးရိမ်စိတ်တွေက ဖိစီးနေတယ်။ ဘေးလူတွေမသိအောင် စိတ်ထဲကနေ သိသမျှ၊ တတ်သမျှ ဘုရားစာတွေ၊ ဂုဏ်တော်တွေပဲ ရွတ်နေမိတယ်။ ဒီလိုနဲ့ တစ်နေကုန်မောင်းလိုက်၊ ရပ်လိုက်၊ နားလိုက်နဲ့ ခရီးဆက်လိုက်ကြတာ ည ၁၂ နာရီကျော်မှ မန္တလေးကို ရောက်တယ်။ သက်ပြင်းတစ်ချက်တော့ စိတ်ချလက်ချ ချနိုင်ခဲ့ပါပြီ။

မေလ ၇ ရက်နေ့။

မန္တလေးမှာပဲ အချိန်ကုန်သွားတယ်။ 'အန်တီစု'ကတော့ တိုင်း/စည်းမှူးတွေဖြစ်တဲ့ ဦးဘိုဇံ၊ ဦးဘာဘာ၊ ဦးသိန်းဇံ၊ ဦးထွန်းမြိုင်တို့နဲ့ တွေ့ဆုံပြီး ကချင်ပြည်နယ် ခရီးစဉ်အတွင်း ဆောင်ရွက်မယ့် ဆိုင်းဘုတ်တင်ရေးကိစ္စ၊ လူငယ်အဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စတွေ ညှိနှိုင်းအပြီးမှာ ဘာတွေ ဘယ်လိုကြားထားသလဲတော့ မသိဘူး။ မန္တလေးတိုင်း 'အင်န်အယ်လ်ဒီ 'အဖွဲ့ဝင်တစ်ဦးက ကျွန်တော့်ကို ဘာမေးလာသလဲဆိုတော့... အဖွဲ့ချုပ်က ရေးဆွဲထားတဲ့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း)မှာပါရှိတဲ့ နိုင်ငံရေး၊ ကျန်းမာရေးနဲ့ ပညာရေးဆိုင်ရာ မူဝါဒတွေ ပြုပြင်ပြောင်းလဲဖို့ 'စီအီးစီ' အစည်းအဝေးခေါ်ယူပြီး ညှိနှိုင်းတဲ့အခါ ဦးစိုးမြင့်နဲ့ ဦးလှဖေတို့က ကန့်ကွက်တဲ့အတွက် ဆုံးဖြတ်ချက် မချဖြစ်ဘူးဆိုတာ ဟုတ်သလား...တဲ့။

ကျွန်တော် မျက်လုံးပြူးသွားတယ်။ မန္တလေးတိုင်း 'အင်န်အယ်လ်ဒီ' အဖွဲ့ဝင် တစ်ဦးပြောလာမှပဲ ကျွန်တော်တို့ 'အင်န်အယ်လ်ဒီ' ပါတီမှာ ကိုယ်ပိုင် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ရှိနေတာကို

ဒေါ်စုကြည် ခရီးစဉ်အတွင်း လမ်းလယ်ကောင်၌ ကားများ အစီအရီ ယှဉ်တွဲပိတ်ဆို့ ရပ်နားကာ လူစုလူဝေးဖြင့် လှုပ်ရှားခဲ့မှုသည် အများသူငါ လမ်းသွားလမ်းလာများအတွက် များစွာ အနှောင့်အယှက်ဖြစ်ခဲ့ရ၏။

(၈-၅-၂၀၀၃ ရက်နေ့ စစ်ကိုင်းတံတားအဝင်)

ရေးလို့ရသလား။ ဒီလိုကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးသားမှုကို အသိအမှတ်ပြု လက်ခံတယ်ဆိုကတည်းက ကျွန်တော်တို့ ပါတီခေါင်းဆောင်ပိုင်းတွေ နိုင်ငံတော်ရဲ့ အနာဂတ် အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်ကြီးအပေါ် မရိုးသားတော့ဘူးဆိုတာ ပေါ်လွင်နေပြီ။ ကျွန်တော်တို့မှာတော့ မျှော်လင့်လိုက်ရတာ။

အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့လို ပါတီဝင်တွေအပိုင်းကရော ဘာမှဝင်ရောက်ပြောဆိုဆွေးနွေးခွင့် မရှိဘူးလား။ ကျွန်တော့်ရင်ထဲမှာ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြောစရာစကားတွေ အများကြီး။ ပါတီတွင်း ဒီမိုကရေစီကျင့်စဉ်

ရဲ့လား၊ ကျန်းမာရဲ့လား၊ ရောင်းရေး ဝယ်ရေးတွေ အဆင်ပြေရဲ့လား၊ ဘာညာနဲ့ မေးမြန်း အားပေးစကားပြောရင်း သူစားဖို့ ယူဆောင်လာတဲ့အထဲက ချောကလက်တစ်ထုပ်ကို လက်ဆောင်ပေးခဲ့တယ်။

အဲဒီလို လက်ဆောင်ပေးတာကို မြင်လိုက်တဲ့ ပါတီဝင်ပဲလား၊ အရပ်သူပဲလား၊ သေသေချာချာမသိရတဲ့ သနပ်ခါးပါးကွက်ကျားနဲ့ အမျိုးသမီးတစ်ယောက်က ဘေးကလူကို ဘာပြောလဲ မှတ်လဲ။ ဒေါ်စုကြည်နဲ့ အေ၊ ကလေးကလား ဆန်လိုက်တာ။ ဒီအဘွားကြီးကိုလာပြီး ချောကလက် လက်ဆောင်ပေးရတယ်လို့။ အားဆေးလေး ဘာလေး ဝယ်ပေးလိုက်တော့ ဘယ်လောက်ကုန်မှာ မို့လဲ၊ အံ့ပါရဲ့တဲ့။ ကြားလိုက်ရတဲ့ ကျွန်တော့်အတွက်တော့ မှတ်သားစရာ တစ်ပါးပါပဲလေ။

မေလ ၈ ရက်နေ့။

စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ် ခရီးစဉ်အတွက် မန္တလေးကနေ စထွက်ပြီ။ တာမထွက်ခင် ဘာလုပ်သေးလဲဆိုတော့ တိုင်းရုံးမှာပဲ ဘုန်းကြီး ၁၀ ပါးပင့်ပြီး အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပါတယ်။ အဲဒီကိစ္စ ဝိစ္စတွေ ပြီးတော့ စထွက်ကြတယ်။ ရန်ကုန်ကလာတဲ့ ကျွန်တော်တို့ ကားသုံးစီးအပြင် နောက်ထပ်ကားနှစ်စီးနဲ့ လူအင်အားနှစ်ဆယ်ကျော် ထပ်တိုးလာတယ်။

မန္တလေးကနေ ထွက်လာပြီး စစ်ကိုင်းတံတားထိပ်(မန္တလေးဘက်ခြမ်း) ရောက်တော့ စစ်ကိုင်းတိုင်း/စည်း ဒုဥက္ကဋ္ဌ ဦးကျော်သောင်းနဲ့ အင်းတော်မြို့နယ် ရွေးချယ်ခံ ကိုယ်စားလှယ် ဦးစောလှိုင်တို့ ခေါင်းဆောင်တဲ့ လူအုပ်စုက လာကြိုနေတယ်။ စုစုပေါင်း အင်အား ၅၀ လောက်တော့ ရှိပုံရတယ်။ မေးကြည့်ချက်အရ အဲဒီအထဲမှာ ပါတီဝင်အင်အားက တစ်ဝက်မရှိဘူးတဲ့။ အင်အားတောင့်အောင် နီးစပ်ရာ အရပ်သားတွေကို စည်းရုံးပြီးခေါ်လာရတာလို့လဲ ပြောသေးရဲ့။ အဲဒီအဖွဲ့မှာ မော်တော်ဆိုင်ကယ်က ၁၃ စီးပါတယ်။

စစ်ကိုင်းတံတားကိုဖြတ်ပြီး 'အန်တီစု'ရဲ့ ကားရှေ့နဲ့ ဘေးဘယ်ညာမှာ ဆိုင်ကယ်တွေက ခြံရံပြီးမောင်းတယ်။ ရိုးရိုးမောင်းတာမျိုး မဟုတ်ဘူး။ နေ့ခင်းကြောင်တောင်ကြီး ဆိုင်ကယ်ရှေ့မီးကြီးတွေ ဖွင့်လို့ဖွင့်၊ ဟွန်းတွေ အဆက်မပြတ် တီးလို့တီး။ ပါတီအလံကိုထောင်ပြီး ပါးစပ်က အော်ချင်ရာတွေအော်လုပ်ရင်း မောင်းခဲ့ကြတာ။ ကျွန်တော် တော်တော်လေးကို စိတ်ကုန်သွားတယ်။ ကျွန်တော်သာ 'အန်တီစု'နေရာမှာဆိုရင် ကားကိုချက်ချင်းရပ်ပြီး ဟဲ့-အဲသလိုတွေ မြင်မကောင်း၊ ကြားမကောင်း မလုပ်ကြစမ်းနဲ့။ ဣန္ဒြေရရ၊ သိက္ခာရှိရှိ စည်းနဲ့ကမ်းနဲ့ သွားကြစမ်း၊ သူများတွေ စိတ်အနှောင့်အယှက်ဖြစ်မယ် ဘာညာပြောပြီး တားမြစ်မိမှာ အသေအချာပဲ။

အခုတော့ အဲသလိုမဟုတ်ဘူး၊ ငြိမ်နေတာပဲ။ 'အန်တီစု'တစ်ယောက် ဒီလို ရတ်ရတ်သဲသဲ ဆူညံဆူညံနဲ့ သွားတာကိုပဲ သဘောကျနေတာလား၊ ဒါမှမဟုတ် ခရီးပန်းလို့ အိပ်များအိပ်ငိုက်နေတာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ယာဉ်တန်းရဲ့ လုပ်ရပ်ကြောင့် လမ်းဘေး ဝဲ/ယာ တစ်လျှောက်က ခရီးသွားလာတဲ့သူတွေ၊ နေအိမ်ထဲက လူတွေအနေနဲ့ ဘာများလဲဟဲ့ ဆိုပြီး ထွက်ကြည့်ကြ၊ ရပ်ကြည့်ကြပေါ့။'အန်တီစု'ကို လူမအို

ပြည်သူတွေစည်းကမ်းရှိကြပါဟု ကျယ်ကျယ်လောင်လောင်အော်ဟစ်နေသော 'ဒေါ်စုကြည်'အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ မရှိသည့်အလား မောင်းနှင်ရမ်းကားနေသော ၎င်း၏ခရီးစဉ် လှုပ်ရှားမှုမှ နယ်ခံပါတီဝင်များ၏ ပရမ်းပတာလုပ်ရပ်များကို မမြင်ခဲ့သည်လော°...၊ မတွေ့ခဲ့သည်လော....။

(၈-၅-၂၀၀၃ ရက်နေ့ စစ်ကိုင်းတံတားမှ ရွှေဘိုသို့အသွား ဆိုင်ကယ်များခြံရံလျက်)

ကျွန်တော်တို့ သိခဲ့ရတယ်။ ဟုတ်တော့ဟုတ်နေပြီ၊ ကျွန်တော်တို့ မျှော်လင့်ထားတာတွေ အားလုံးက စိတ်ကူးယဉ် အိပ်မက်တွေ ဖြစ်နေပါလား။ ဟုတ်တယ်လေ၊ **ကျွန်တော်တို့ပါတီက လူနှစ်ယောက်တစ်ပိုင်း စုဖွဲ့ရေးသားထားတဲ့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ဆိုတာက ကျွန်တော်တို့ နိုင်ငံအတွက် ဘယ်လောက်အထိ အာမခံချက်တွေ ပေးနိုင်မှာမို့လို့လဲ။**

တကယ်ကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေလို့ပဲ ခေါ်ခေါ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလို့ပဲဆိုဆို အဲဒီဥပဒေက နိုင်ငံတော်ရဲ့ အသက်ပဲ။ နိုင်ငံတော်ရဲ့ အသက်တမျှ တန်ဖိုးရှိလှတဲ့ ဥပဒေတစ်ရပ်ကို လူနှစ်ယောက်တစ်ပိုင်းက

တွေ လုံးပါးပါးရာကနေ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားမှုကို သိပါလျက်နဲ့ ပြန်ရလိမ့်နိုးနိုး မျှော်လင့်နေကြတဲ့ ကျွန်တော်တို့တစ်တွေ (ကျွန်တော့်လိုလူစားတွေ) ဘာကြောင့်များ 'အင်န်အယ်လ်ဒီ' ပါတီကို တွယ်ဖက်နေမိတာပါလိမ့်။ ကိုယ်ဘာသာကိုယ် မေးခွန်းပြန်ထုတ်ကြည့်လိုက်တော့ ရင်ထဲက မွန်းကျပ်မှုတစ်ခုကိုပဲ မည်မည်ရရ ပြစရာမရှိတဲ့ အဖြစ်။

ညနေပိုင်းမှာတော့ 'အန်တီစု'နဲ့အဖွဲ့ဟာ တည်းခိုရပ်နားရာ တိုင်းရုံးကနေ ချမ်းအေးသာစံ မြို့နယ်မှာရှိတဲ့ မန္တလေးတိုင်း 'အင်န်အယ်လ်ဒီ'နာယကဟောင်း ကွယ်လွန်သူ ဦးညီပုရဲ့ နေအိမ်ကို သွားရောက်ခဲ့ကြတယ်။ နေအိမ်ကို ရောက်တော့ ကျန်ရစ်သူဇနီးသည် ဒေါ်နှင်းရင်ကို တွေ့ဆုံပြီး နေကောင်း

အုံအောင်၊ လူမကြည့် ကြည့်အောင်လုပ်တဲ့ နေရာမှာတော့ ကျွန်တော်တို့အဖွဲ့က ဉာဏ်ကြီးရှင်တွေဟာ တော်မှတော်။

ဖော်ပြခဲ့သလိုမျိုး ဆူညံဆူညံ ရတ်ရတ်သဲသဲ ပုံစံတွေနဲ့ စစ်ကိုင်းမြို့ထဲကို ဝင်ခဲ့ကြတဲ့အခါ ကျွန်တော်တို့ ယာဉ်တန်းရဲ့ မျက်စိနောက်စရာ အပြုအမူတွေကြောင့် တစ်ယောက်ယောက်ကများ ခဲနဲ့ ကောက်ပေါက်လိုက်ရင်ဖြင့် တွေးပူမိပြန်တယ်။ စစ်ကိုင်းကိုရောက်တော့ စစ်ကိုင်းတိုင်း 'အင်န်အယ်လ်ဒီ'ရုံးစိုက်ရာ ရွာထောင်ရပ်ကွက် နန်းစုရပ်မှာ ခဏနားကြတယ်။ 'အန်တီစု'ကတော့ ကားပေါ်က မဆင်းဘူး။

စစ်ကိုင်းကနေ ဆက်ထွက်ပြီး သိပ်မကြာခင်မှာဘဲ ကားတစ်စီးပျက်ပြီ။ ဘယ်သူ့ကားလဲဆိုတော့ 'အန်တီစု'စီးတဲ့ကားတဲ့။ တော်သေးတာပေါ့။ စက်ချို့ယွင်းတာမို့လို့။ ဘီးပေါက်တာဆိုရင်တော့ လမ်းလယ်ကောင်မှာ ထောင်ထားတဲ့ သံချွန်ကို နင်းမိလို့ ပေါက်ရတာပါ၊ ဘာညာနဲ့ အော်ကြဦးမလားမသိ။ အဲဒါနဲ့ ကားစက်ဖုံးဖွင့်ပြီး ဟိုနှိုက်ဒီနှိုက် လုပ်လိုက်တာ ၁၅ မိနစ် လောက်လဲကြာရော ကားပြန်ကောင်းသွားရော။

ကားလမ်းတစ်လျှောက် ရွာစဉ် ရွာဆက်တွေကို ဖြတ်ပြီးမောင်းလာလိုက်ကြတာ မွန်းတည့် ၁၂ နာရီ မထိုးခင်မှာပဲ ရွှေဘိုရောက်ကြတယ်။ အမှတ် (၁၀)ရပ်ကွက် ထူထောင်ရေးရပ်မှာရှိတဲ့ ကျွန်တော်တို့ 'အင်န်အယ်လ်ဒီ' ပါတီဝင် ဦးစန်းဖေရဲ့ နေအိမ်မှာ ခရီးတစ်ထောက် နားကြတယ်။ ဝိုင်းအုံကြည့်ကြတဲ့ လူတွေကတော့ အများသားပဲ။ သိပ်မကြာခင်အချိန်မှာပဲ ရတ်ရတ်ရတ်ရတ် အခြေအနေတစ်ခု ဖြစ်လာတယ်။

ဘာလဲ၊ ဘာဖြစ်တာလဲ၊ ဘယ်သူတွေလဲနဲ့ အရင်းစစ်ကြည့်လိုက်တော့ ဖြစ်ပုံက ဒီလို။ ကျွန်တော်တို့ ယာဉ်တန်းနဲ့ ပါလာတဲ့ ခင်ဦးရယ်၊ မန္တလေးတိုင်း လှဦးတို့ နှစ်ယောက်က ဘာသွားလုပ်သလဲဆိုတော့ လူအုပ်အတွင်းကနေ 'အန်တီစု'ကို ဗီဒီယို လှမ်းရိုက်နေတဲ့သူဆီကနေ ဗီဒီယိုကင်မရာကို ဟိန်းဟောက် ခြိမ်းခြောက်ပြီး သွားသိမ်းသတဲ့လေ။ ဒီကောင်တွေ ဘာစိတ်ကူးနဲ့များ သွားသိမ်းသလဲ မသိပါဘူး။ တကယ်ဆိုရင် ကိုယ့်ပါတီခေါင်းဆောင်ကို ရိုက်တာပဲ ရိုက်ပစေပေါ့။ ကင်မရာမြင်ကွင်းရှေ့မှာ အနှောင့်အယှက် အဟန့်အတားဖြစ်လာရင်တောင် ကိုယ်ကကူညီ ဖယ်ရှားပေးရမယ့်ဥစ္စာ။

အဲ-သိပ်မကြာပါဘူး၊ မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦး ရောက်လာပြီး အကျိုးအကြောင်းနဲ့တကွ လာရှင်းပြတယ်။ မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးမှာ မှတ်တမ်းအဖြစ် သိမ်းဆည်းထားဖို့ ရိုက်ကူးတာပါတဲ့။ အဲဒီမှာတင် သိမ်းယူလာတဲ့ ဗီဒီယိုကင်မရာကို ပြန်ပေးလိုက်ရလေရဲ့။ ခင်ဦးနဲ့ လှဦးတို့ရဲ့ လုပ်ရပ်က ဘောလုံးစကားနဲ့ ပြောမယ်ဆိုရင် လူကျွံဘောပဲ။

ကျွန်တော်တို့အဖွဲ့တွေ ရွှေဘိုမြို့နယ်ရုံးမှာ ခရီးတစ်ထောက် နားတုန်း နားခိုက် ဝိုင်းအုံလာတဲ့ ပရိသတ်ကို 'အန်တီစု'က ဟောတာတွေ၊ ပြောတာတွေ လုပ်ခဲ့သေးတယ်။ 'အန်တီစု'ရဲ့ ပြောကြားချက်တွေထဲမှာ "တစ်ချိန်ချိန် ပြည်သူလူထုကနေ 'အင်န်အယ်လ်ဒီ' ပါတီကို ကယ်ပါဦးလို့ တောင်းပန်လာတဲ့ အချိန်အထိ ကြိုးစားသွားပါမယ်" ဆိုတဲ့ စကားပါသွားတယ်။ အဲဒီမှာတင် ခေါင်းပေါင်းနဲ့ အဘွားအိုတစ်ယောက်က ဘာထပြောတယ်မှတ်လဲ၊ "အလိုလေးတော်- သူမိုလို ပြောပြောထွက်တယ်။ ကြည့်လုပ်ကြဦး အရပ်ကတို့ရေ၊ ကြည့်လဲလုပ်ကြဦး"တဲ့။ အင်းလေ-ပရိသတ်ဆိုတာကတော့ အမျိုးမျိုး အဖုံဖုံပေါ့။

ဟောတာ၊ ပြောတာတွေလဲပြီးရော ခရီးဆက်ကြပြန်တယ်။ မွန်းလွဲ ၁ နာရီလောက်က ထွက်လာလိုက်ကြတာ ညနေ ၃ နာရီ ထိုးခါနီးမှာ ခင်ဦးမြို့ကို ရောက်တယ်။ မြို့နယ်'အင်န်အယ်လ်ဒီ' ဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်ရဲ့ နေအိမ်မှာ ခဏရပ်တယ်။ ထုံးစံအတိုင်း လူအုံတာပါပဲ။ ဒါပေမယ့် ရွှေဘိုနဲ့စာရင်တော့ မပြောပလောက်ပါဘူး။ အဲဒီမှာလဲ ထုံးစံအတိုင်း ဟောတာတွေ၊ ပြောတာတွေ လုပ်ပြန်သေးရဲ့။ ကျွန်တော်ကတော့ တော်တော် စိတ်ညစ်နေပြီ။

'အန်တီစု'က ဘာတွေပြောသလဲဆိုရင် ယခုလာတဲ့ ခရီးစဉ်တစ်လျှောက်မှာ ကျွန်တော်တို့အဖွဲ့ကို ကြံ့ခိုင်ရေးအဖွဲ့တွေနဲ့ အာဏာပိုင်တွေက ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ လိုက်ရိုက်တယ်တဲ့။ အဲဒီကိစ္စဟာ မကောင်းဘူးတဲ့။ 'အင်န်အယ်လ်ဒီ' ပါတီရဲ့ လုပ်ငန်းတွေကို အားပေးတဲ့သူတွေအပေါ် မယကအဖွဲ့နဲ့ ကြံ့ခိုင်ရေးအဖွဲ့တွေက ခြိမ်းခြောက်တယ်လို့ သူ(အန်တီစု)ကြားမိတယ်တဲ့။ တကယ်လို့ ခြိမ်းခြောက်တာရှိခဲ့ရင် သူ့ကိုပြောပါတဲ့။ သူ့အနေနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို တင်ပြမယ်တဲ့။ 'အန်တီစု'တစ်ယောက် အဲသလို အပြောကောင်းတာ။

ထိုနေ့၊ ထိုအချိန်၊ ထိုခရီးစဉ်အတွင်းက ကျွန်တော့်စိတ်ဆန္ဒမှာ ဖြစ်နိုင်လျှင် 'အန်တီစု'ကို စကားတစ်လုံးမှ မပြောစေချင်တော့ဘူး။ များများပြောရင် များများမှားတော့မယ်ဆိုတာကို တွက်မိနေတယ်။ ရှင်းရှင်းပြောရရင် 'အန်တီစု'မှာ လူထုပရိသတ်ကို အသိအလိမ္မာ ဉာဏ်ပညာရစေမယ့် ဗဟုသုတတွေ အများကြီး ပြောစရာရှိနေပါတယ်။ ဒါပေမယ့် ပါးစပ်ကထွက်လာတဲ့ စကားလုံးတွေက အဲသလိုတွေ မဟုတ်ဘူး။

ကြားဖူးကြမှာပါ။ ဘာတဲ့၊ အတတ်ကြူးတော့ဘီလူးဖြစ်တယ်တဲ့။ မြန်မာတစ်ပြည်လုံးမှာ ငါ့လောက်တတ်၊ ငါ့လောက်သိ၊ ငါ့လောက်သတ္တိရှိမယ့်သူ မရှိလောက်ဘူး အထင်နဲ့ ငါပြောသမျှယုံကြည်မှာပဲလို့ ထင်ယောင်မှားစိတ် ကျွန်တော်တို့ 'အန်တီစု'မှာ ရှိများရှိနေပြီလား။ *(ဆက်လက်ဖော်ပြပါမည်)*

ပြည်သူတွေစည်းကမ်းရှိကြပါဟု ကျယ်ကျယ်လောင်လောင်အော်ဟစ်နေသော 'ဒေါ်စုကြည်'အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ မရှိသည့်အလား မောင်းနှင်ရမ်းကားနေသော ၎င်း၏ခရီးစဉ် လှုပ်ရှားမှုမှ နယ်ခံပါတီဝင်များ၏ ပရမ်းပတာလုပ်ရပ်များကို မမြင်ခဲ့သည်လော...၊ မတွေ့ခဲ့သည်လော....။

(၈-၅-၂၀၀၃ ရက်နေ့ စစ်ကိုင်းတံတားမှ ရွှေဘိုသို့အသွား ဆိုင်ကယ်များခြံရံလျက်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရေဝတီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ထားမှုများ

		ယခင်	ယခု
၁	ဆည်တမံလုပ်ငန်း	၄ ခု	၁၁ ခု
၂	မြစ်ရေတင်လုပ်ငန်း	-	၂၂ ခု
၃	မော်တော်ကားလမ်း	၄၄၀ မိုင်	၁၃၂၈ မိုင်
၄	ပေ ၁၈၀အထက် တည်ဆောက်ပြီးတံတားကြီးပေါင်း	-	၃၉ စင်း
၅	တယ်လီဖုန်းအိတ်ချိန်း	၃၁ ခု	၇၅ ခု
၆	ကျေးလက်ဆက်သွယ်ရေးစခန်း	၂၉ ခု	၅၃ ခု
၇	အခြေခံပညာကျောင်းများ	၅၁၈၉	၅၉၄၇
၈	အဆင့်မြင့်တက္ကသိုလ်/ကောလိပ်များ	၂	၉
၉	ကျန်းမာရေး		
	(က) ခုတင် ၂၀၀ ဆံ့ဆေးရုံ	၁	၃
	(ခ) ခုတင် ၅၀ ဆံ့ဆေးရုံ	-	၂
	(ဂ) တိုက်နယ်ဆေးရုံ(၆)ခု တိုင်းရင်းဆေးရုံ(၁)ခု ကျေးလက်ကျန်းမာရေးဌာန(၁၂)ခု ဒေသဖွံ့ဖြိုးရေးဆေးခန်း(၂)ခု တို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။		

ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၇

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၅ ရပ်ကွက် စိန်ပန်းမြိုင်လမ်း တနင်္ဂနွေပတ် ဆွမ်းလောင်းအဖွဲ့ မဟာသရဏဂုံ ဓမ္မဗိမာန်ကြီးတွင် (၂၃)ကြိမ်မြောက် သံဃာအပါး ၁၀၀၀ ဝါတွင်းသံဃာ့ဒါန ဆွမ်းလောင်းပွဲဖွင့်ပွဲနှင့် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို (ဝါဆိုလပြည့်နေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အကျိုးဆောင်အဖွဲ့ ဖုန်း-၅၇၀၆၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း ယာယီသင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ သင်တန်းကျောင်းကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာနမိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၇

သတ္တုတွင်းဝန်ကြီးဌာန မိသားစု (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သဃ်န်းကျွန်းမြို့နယ် မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိဓမ္မအမှူးပြု၍ မဟာသိပ္ပံပရိယတ္တိစာသင်တိုက်မှ သံဃာတော်များ၊ ပထမရွှေကျင်ကျောင်းတိုက်မှ သံဃာတော်များ၊ ဓမ္မမေဒိနီကျောင်းတိုက်မှ သံဃာတော်များ ကြွရောက်တော်မူကြပြီး သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်း၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်မေစန်း၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာသိပ္ပံပရိယတ္တိစာသင်တိုက်၊ ပထမရွှေကျင်ကျောင်းတိုက်နှင့် ဓမ္မမေဒိနီကျောင်းတိုက်သို့ နဝကမ္မအလှူငွေ ကျပ်တစ်သိန်းစီ ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက်ရှိ ဗြူးကုန်းတောရ စာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏဆရာတော်ကြီး ကြီးမှူးလျက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၁၃ရက်တွင် ယင်းကျောင်းတိုက်ကြီး၌ နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အလားတူ တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် ဘဒ္ဒန္တဉာဏဝံသ (သာသနဓဇသိရီပဝရ ဓမ္မာစရိယအဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ) အမှူးထား၍ စာချစာသင်အရှင်မြတ်တို့အား နှစ်စဉ်လှူဒါန်းပူဇော်သကဲ့သို့ ဝါဆိုသင်္ကန်းများ လှူဒါန်းပူဇော်ကြရန် ဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၈-၇-၂၀၀၃
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် (က)ပထမနှစ် (ဒဿနိကဗေဒ) (ခ)ပထမနှစ်(အရှေ့တိုင်းပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နှလုံးလှဆရာဝန်"** အပိုင်း(၇)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားကမြစ်တစ်စင်း"** အပိုင်း(၃)

မြန်မာ့ရုပ်မြင်သံကြား

၈-၇-၂၀၀၃
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၀၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ တေးဂီတအစီအစဉ်
၁၉:၁၅ ၁၂။ ကော်ဖီ (အပိုင်း-၁)
၁၉:၂၅ ၁၃။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၁၉:၄၀ ၁၄။ မူးယစ်ဟူကတိုက်ဖျက်ကြ (အပိုင်း-၂)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာ"** (အပိုင်း-၅)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဓမ္မပူဇာနှင့် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားတွင် နဝဂုဏ ဗုဒ္ဓမာမက သာသနာပြု ပါရမီရှင်များ၏ (၂၁)နှစ်မြောက် ဝါတွင်းအမိဋ္ဌာန်ဖွင့်ပွဲအဖြစ် ပဏာမ နဝင်္ဂအလှူတော်ကို ဝါဆိုလပြည့် (ဓမ္မစကြာအခါတော် နေ့)တွင် ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၃ ရက် နံနက် ၄း၀၅ နာရီတွင် လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာကို ပူဇော်ပြီး မွန်းလွဲ ၂ နာရီတွင် ဩဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြောက်တိုင်းလည်း မပြောက်နဲ့

အလုပ်ဖြစ်နိုင်မည့် မြန်မာနိုင်ငံရေးချဉ်းကပ်မှုသစ်

၂၀၀၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ထုတ် နေးရှင်းသတင်းစာပါ ဆောင်းပါးရှင် David Oldfield ၏ A New Approach Towards Burma Just Might Work ကို မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြပါသည်။

ဒေါ်စုကြည်နှင့် အင်န်အယ်လ်ဒီတို့ အနေဖြင့် တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရေး ၎င်းတို့၏ ကြိုတင်သတ်မှတ်ချက် အချို့ကို လျှော့ပေးသင့်သည်။

ဒေါ်စုကြည်နှင့် ၎င်း၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (အင်န်အယ်လ်ဒီ) ပါတီတို့ ပါဝင်ပတ်သက်သည့် မေလ ၃၀ ရက်နေ့ အဖြစ်အပျက်ပေါ်ပေါက်ပြီးကတည်းက နိုင်ငံရေးရင်ကြားစေ့ရေးအတွက် အင်န်အယ်လ်ဒီနှင့် တွေ့ဆုံဆွေးနွေးရန် မြန်မာနိုင်ငံမှ အာဏာရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အေးချမ်းဖြိုး)အပေါ် ပြည်ပမှ ထပ်မံဖိအားပေးမှုများမှာ အရှိန်အဟုန်ဖြင့် တိုးမြှင့်လာသည်။

တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေးအရ အဖြေရှာစေရန် မြန်မာနိုင်ငံအား တင်းကျပ်သောပိတ်ပင်မှုများပြုလုပ်မည့် ဥပဒေကြမ်းများကို အမေရိကန်ပြည်ထောင်စု၏ အထက်လွှတ်တော် အမတ်များရော၊ အောက်လွှတ်တော်အမတ်များပါ ဆွေးနွေးလာကြသည်။ဥရောပသမဂ္ဂ(အီးယူ) ကလည်း အရေးယူ စီးပွားရေးပိတ်ပင်မှုများ ပြုလုပ်ရေး ဆွေးနွေးကြသည်။ ထို့ပြင် အာဆီယံအဖွဲ့ကပါ တစ်နိုင်ငံ၏ ပြည်တွင်းရေး အခြားတစ်နိုင်ငံက မစွက်ဖက်ရေး အစဉ်အလာထိန်းသိမ်းလာခဲ့သည့်မူကို ချိုးဖောက်ပြီး ဒေါ်စုကြည်ကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုလာကြသည်။

ကုလသမဂ္ဂအဖွဲ့သည် အေးချမ်းဖြိုးနှင့်အင်န်အယ်လ်ဒီ မျက်နှာချင်းဆိုင်ဆွေးနွေးရန် ကြိုးပမ်းခဲ့ပြီးဖြစ်သော်လည်း နှစ်အတန်ကြာ၍ ယခုတိုင်အောင်ပင် တစ်ဖက်နှင့်တစ်ဖက် ဓမ္မာသောကဖြစ်လျက်ပင် ရှိသေးသည်။ ဤသို့သော ရှေ့မတိုး နောက်မဆုတ် လိပ်ခဲတည်းလည်းဖြစ်မှု မည်မျှအထိ ဆက်လက်ပြီးရှည်ကြာနေဦးမည်မှာ တတ်အပ်သေချာ မပြောနိုင်သည့်အရာပင်ဖြစ်သည်။ သို့သော် စစ်မှန်သော တွေ့ဆုံ ဆွေးနွေးမှုကို ဖော်ဆောင်ပြီး နောက်ဆုံး နိုင်ငံရေး ရင်ကြားစေ့နိုင်မည့်နိုင်ငံရေး ပကတိအခြေအနေပေါ် မူတည်သော ချဉ်းကပ်မှုသစ်တစ်ရပ်ကိုရှာကြံဖို့ အချိန်တန်နေပြီဖြစ်သည်။

ဒါဖြင့် မြန်မာနိုင်ငံမှ နိုင်ငံရေး ပကတိအခြေအနေကား ဘာလဲ။ ဤမေးခွန်း၏အဖြေမှာ အေးချမ်းဖြိုးသည် အစိုးရအာဏာကိုလည်း ရယူထားသည့်ပြင် ပထဝီအနေအထားအရလည်းကောင်း၊ လက်တစ်ဆုပ်စာသော အကြွင်းအကျန် သူပုန်များ၏ အမာခံနယ်မြေများဖြစ်နေ၍လည်းကောင်း ထိုဝေးလံခေါင်းပါးသော ဒေသများမှအပ နိုင်ငံတော် တစ်နံတစ်လျားရှိ ဒေသအများစုမှ အစိုးရယန္တရားအဖွဲ့အစည်းအားလုံးကိုလည်း ကိုင်တွယ်ထားသည်။

အင်န်အယ်လ်ဒီပါတီ အနေဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရထားသည်မှာ မှန်ကောင်းမှန်ပေလိမ့်မည်။ အကြောင်းကတော့ လက်ရှိအစိုးရသည် တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အေးချမ်းဖြိုးအနေဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ပြီး တပ်မတော်အနေဖြင့် ၁၉၆၂ခုနှစ်ကတည်းက နိုင်ငံကို အုပ်ချုပ်လာသည်ဆိုသောအချက်မှာ လျစ်လျူပြု၍ မရပေ။

ရင်ကြားစေ့ရေး ချဉ်းကပ်မှု တစ်ရပ်အနေဖြင့် ဘာ့ကြောင့် နိုင်ငံရေးပကတိ ဖြစ်ရပ်အပေါ် အခြေခံရန် လိုအပ်ပါသလဲ။ လက်ရှိချဉ်းကပ်မှုများကိုကြည့်လျှင် တွေ့ဆုံဆွေးနွေးရေးအတွက် အင်န်အယ်လ်ဒီ၊ကုလသမဂ္ဂနှင့် အခြားသူများက လှုံ့ဆော်ရာ၌ အင်န်အယ်လ်ဒီကို အနောက်တိုင်းပုံစံ ဒီမိုကရေစီ ပေမီဒေါက်မီ အဖွဲ့အဖြစ် သဘောထားကာ တွေ့ဆုံဆွေးနွေးရေးနှင့် အဆုံးစွန်နိုင်ငံရေး ရင်ကြားစေ့ရေးအတွက်ကြိုတင်စည်းကမ်းသတ်မှတ်ရာမှာအင်န်အယ်လ်ဒီကို အခွင့်အရေးပေးပြီး နိုင်ငံတော်၌ အာဏာရှိသည့် အေးချမ်းဖြိုးကိုတော့ ထိုထိုသော သတ်မှတ်ချက်တွေကို လိုက်နာစေဆိုသည့်ကိန်း ဆိုက်နေသည်ကို တွေ့ရသည်။ ထိုထိုသော ချဉ်းကပ်မှုမျိုးက အစိုးရအနေဖြင့် အင်န်အယ်လ်ဒီကို အကြောင်းမဲ့ အလျှော့ပေးရမည်ဟု အကြံပြုတိုက်တွန်းခြင်းဖြစ်သည်။ သို့သော် ယင်းမှာ နိုင်ငံရေး ပကတိအခြေအနေကို မလေးမစားပြုခြင်းဖြစ်သည်။ အင်န်အယ်လ်ဒီ၊ ကုလသမဂ္ဂ၊ အမေရိကန်နှင့် အီးယူတို့ မကြိုက်သည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ ဤကိစ္စ၌ အစိုးရကချုပ်ထားသည်။

လက်ရှိချဉ်းကပ်နည်းမှာ တပ်မတော်၏ အကျိုးစီးပွားနှင့် တပ်မတော်နှင့် စပ်ဆိုင်သည်တို့ကို အလေးမထားပေယျာလကန် ပြုထားသည်။ ထို့ပြင် ဤချဉ်းကပ်မှုမျိုးဖြင့် တွေ့ဆုံဆွေးနွေးပွဲမှာ ဖြစ်မြောက်အောင်မြင်မည်မဟုတ်ပေ။ အစိုးရကို အကျိုးမရှိသည့် အရာထားသော နိုင်ငံရေးရင်ကြားစေ့ရေးအတွက် အင်န်အယ်လ်ဒီက ကြိုတင်သတ်မှတ်ချက်များကို ဆွဲကိုင်နေသမျှကာလပတ်လုံး အေးချမ်းဖြိုးက တွေ့ဆုံဆွေးနွေးရေးကို အချိန်ဆွဲရန် အသင့်ရှိသည်။ ဤသို့သော အခြေအနေတွင် နိုင်ငံရေးတွင်ဖြစ်စေ၊ သို့မဟုတ် စီးပွားရေးတွင်ဖြစ်စေ စဉ်းစားချင့်ချိန်တတ်သူတစ်ဦးသည် အေးချမ်းဖြိုးက ဆောင်ရွက်နေသကဲ့သို့ ဆောင်ရွက်မည်သာ ဖြစ်သည်။

တစ်ဦးကအပေါ်စီးမှနေသည့်အခါတွင် ကျန်တစ်ဦးက အားနည်းသည့် အနေအထားဖြင့် စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းမည်မဟုတ်ပေ။

တွေ့ဆုံဆွေးနွေးရေးနှင့် ရင်ကြားစေ့ရေးအတွက် ကြိုတင် စည်းကမ်းချက် အချို့ကိုလျှော့ပေးရန် ဒေါ်စုကြည်နှင့် အင်န်အယ်လ်ဒီကို တိုက်တွန်းဖို့ မည်သူမျှ စဉ်းစားလိုဟန် မရှိပေ။ ယင်းမှာ တွေ့ဆုံဆွေးနွေးပွဲပြန်စဖို့ တစ်နည်းတစ်ဖုံ ချဉ်းကပ်မှု၏ အခြေခံပင် ဖြစ်သည်။

အင်န်အယ်လ်ဒီသည်တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေး ရင်ကြားစေ့ရေးအတွက် တောင်းဆိုချက်များနှင့် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကို ခေါင်းမာစွာ ဆုပ်ကိုင်ထားသည်။ အေးချမ်းဖြိုးနှင့် အပေးအယူပြုလုပ်ရန်ဒေါ်စုကြည်၏ ဆန္ဒမရှိမှုအပေါ် စိတ်ကုန်လာသည့် အင်န်အယ်လ်ဒီပါတီမှ အောက်ခြေပါတီဝင်များ မြန်မာနိုင်ငံ၌ ရှိပါသည်။ ဒေါ်စုကြည်ကို သူတို့ထောက်ခံစဉ်က ဒေါ်စုကြည်သည် နိုင်ငံရေးရင်ကြားစေ့ရေးအတွက် တောင်းဆိုရာတွင် လိုက်လျောမှုမရှိသည့်ပြင် သဘာဝမကျကြောင်း ပါတီအောက်ခြေထုက ထောက်ပြကြသည်။

ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း က အင်န်အယ်လ်ဒီပါတီအတွင်း၌ အုပ်စုတစ်စု ထွက်ပေါ်လာခဲ့သည်။ ထိုအုပ်စုသည် ပါတီ၏ရပ်တည်ချက် အချို့ကို စွန့်လွှတ်လိုသောသဘော ထားရှိသည်။ ထိုသို့စွန့်လွှတ်ခြင်းမှာ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးပွဲကို ရှေ့တိုး၍ ဆောင်ရွက်နိုင်စေရန်အတွက်ဖြစ်သည်။ သို့ရာတွင် အင်န်အယ်လ်ဒီပါတီ ခေါင်းဆောင်ပိုင်းက ထိုအုပ်စုသည် အစိုးရ၏အကျပ်ကိုင်ခံရသည် သို့မဟုတ် အစိုးရထံမှ လာဘ်ထိုးခြင်းခံရသည်ဟု မြင်သည်။ ပါတီ၏စည်းလုံးမှုကို ဖြိုခွဲရန်ကြံစည် ခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။ အင်န်အယ်လ်ဒီပါတီ၏ လက်ရှိ တင်းမာသော ရပ်တည်ချက်သည် ပါတီကိုထောက်ခံသူများ၏ သဘောထားအမှန်ပင်ဖြစ်ပါသလား၊ သို့တည်းမဟုတ် အချို့သောပါတီထောက်ခံသူများသည် အရှိတရားကို လက်ခံကြပြီး နိုင်ငံ၏အခြေအနေကို ရှေ့သို့တိုးရန် ပါတီ၏ရပ်တည်ချက်ကို လျှော့ပေါ့ပေးလိုခြင်းဖြစ်ပါသလားဟု စောကြောရန် ရှိပါသည်။

အင်န်အယ်လ်ဒီပါတီနှင့် ပါတီကို စိတ်ဓာတ်ရေးရာအရ ထောက်ခံအားပေးကြသော ပြည်ပအစိုးရများသည် လက်ရှိအက်စ်ပီဒီစီ အစိုးရအပေါ် တောင်းဆိုမှုများပြုလုပ်ထားကြသည်။ လက်ရှိအစိုးရက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေးဟူသော အချက်သည် တောင်းဆိုချက်များတွင် ပါဝင်သော အချက်တစ်ချက်ဖြစ်သည်။ထိုတောင်းဆိုချက်နှင့်ပတ်သက်၍ အင်န်အယ်လ်ဒီပါတီက အလျှော့မပေးဘဲထားသော အချက်သည် နှစ်ဦးနှစ်ဖက်တို့ တွေ့ဆုံဆွေးနွေးပွဲကို ရှေ့မတိုးနိုင်အောင် ဖြစ်စေသော အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ပေသည်။ ထိုအချက်များကို အစိုးရအဖွဲ့က လိုက်လျောလိမ့်မည်ဟု ယူဆမည်ဆိုလျှင် နုံရာအရာကျပေလိမ့်မည်။အင်န်အယ်လ်ဒီပါတီ အနေဖြင့် ထိုတောင်းဆိုချက်အပေါ် အသေဆုပ်ကိုင်ထားမည်ဆိုပါက နှစ်ဦးနှစ်ဖက်တို့၏ အပြုသဘောတွေ့ဆုံဆွေးနွေးမှုဖြစ်ပေါ်လာရေးမှာ အလားအလာ မရှိနိုင်ပေ။ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ အခြေခံဥပဒေပြဋ္ဌာန်းရေးစသည့်တောင်းဆိုချက်များသည် အင်န်အယ်လ်ဒီပါတီ၏ တောင်းဆိုချက်တွင် ပါဝင်သော အခြားတောင်းဆိုချက်များဖြစ်သည်။ ထိုတောင်းဆိုချက်နှစ်ရပ်သည် လက်ရှိအစိုးရအပေါ် စိန်ခေါ်မှုသိပ်မရှိသဖြင့် စစ်အစိုးရအနေဖြင့် သဘောတူ လိုက်လျောနိုင်သော အနေအထားရှိသည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်သည် လက်ရှိအခြေအနေတွင် မြန်မာပြည်သူများ၏ အမြင်သဘောထားနှင့် ကိုက်ညီမှု ရှိပါသေး၏လော။ အကယ်စင်စစ်ရွေးကောက်ပွဲပြီးချိန်နှင့် ၁၃ နှစ်တာ ကွာခြားနေပြီဖြစ်သည်။ အခြေအနေများ ယခင်ကနှင့်မတူတော့ဘဲ အများအပြားပြောင်းလဲသွားပြီဖြစ်ရာ ထိုစဉ်ကရလဒ်သည် ၂၀၀၃ ခုနှစ်ပြည်သူ့သဘောထားကို ကိုယ်စားပြုကောင်းမှ ပြုပေလိမ့်မည်။ ဥပမာပေးရလျှင် လူမျိုးစု လက်နက်ကိုင်အုပ်စုအများစုသည် အစိုးရနှင့် တိုက်ခိုက်နေသော အချိန်အခါမဟုတ်တော့။ငြိမ်းချမ်းရေးပင် သဘောတူတည်ဆောက်နိုင်ခဲ့ကြပြီဖြစ်သည်။

လိုရင်းကိုအတိုချုံ့၍ တင်ပြရလျှင် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးကြရာ ၌ အဓိကအချက်နှစ်ချက် ပါဝင်ရန် လိုအပ်ပေသည်။

ပထမအချက်မှာ လက်ရှိစစ်အစိုးရ ၏ ပကတိအခြေအနေနှင့် ယင်း၏ အနာဂတ် မြန်မာပြည်အတွက်ထားရှိသော အမြင်များကို အင်န်အယ်လ်ဒီပါတီ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ကမ္ဘာတစ်လွှားရှိ အစိုးရများက အသိအမှတ်ပြုကြရပေလိမ့်မည်။ ပစ်ပယ်ရမည် မဟုတ်ပေ။ ထိုသို့မဟုတ်ဘဲ အေးချမ်းဖြိုးအစိုးရအပေါ် ဖိအားသာပေးနေမည်ဆိုပါက တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်သည် ရှေ့တိုးနိုင်လိမ့်မည်မဟုတ်ပေ။

ဒုတိယအချက်မှာ အင်န်အယ်လ်ဒီ ပါတီအနေဖြင့် ၎င်း၏ တောင်းဆိုမှုများအနက် အချို့ကို လိုက်လျောမှုပြုပြီး တွေ့ဆုံဆွေးနွေးမှုကို ပြန်လည်စတင်မှုပြုလုပ်ရန်ပင်ဖြစ်သည်။ အင်န်အယ်လ်ဒီပါတီသည် လက်ရှိအစိုးရအပေါ် ဩဇာသက်ရောက်နိုင်မှု မပြုနိုင်သောကြောင့် ယင်းပါတီအနေဖြင့် လိုက်လျောမှုကိုပြုလုပ်ရန် လိုအပ်ပေသည်။ ဒီမိုကရေစီကာလသို့ ရောက်အောင်သွားရာ၌ တစ်စုံတစ်ရာသော ကြားကာလ အသွင်ကူးပြောင်းချိန် ရှိပေလိမ့်မည်။

ထိုအတောအတွင်း အင်န်အယ်လ်ဒီပါတီ အနေဖြင့် လုံးလုံးအာဏာ ရယူရေး သို့မဟုတ် အာဏာခွဲဝေမယူဟူသော သဘောထားမှာ အခြေအနေနှင့် ကိုက်ညီမှုမရှိပေ၊ အင်န်အယ်လ်ဒီပါတီအနေဖြင့် ပျော့ပျောင်းသော အနေအထားဖြင့် ဆက်ဆံမည်ဆိုပါက တပ်မတော်အစိုးရသည်လည်း ၎င်း အပေါ်သက်ရောက်နေသည့် ဥရောပနိုင်ငံများ၏ နိုင်ငံရေးနှင့်စီးပွားရေး ဖိအားပေးမှုများကို သက်သာသွားစေရန် အနာဂတ်ကာလတွင် လိုက်လျောမှုများ ပြုလုပ်လာစေရန် လှုံ့ဆော်ပေးသကဲ့သို့ ရှိပေသည်။

အကြံပြုချက်တစ်ရပ်မှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်မှာ မျက်မှောက်ကာလတွင် ခေတ်မီကိုက်ညီမှုမရှိဟူသောအချက်ကို လက်ခံသဘောတူရန်ပင်ဖြစ်သည်။ ထိုသို့ သဘောတူပြီးနောက် အဓိပ္ပာယ်ရှိသော ဆွေးနွေးမှုကို အက်ပီဒီစီအစိုးရနှင့် ပြုလုပ်ကာ မည်သည့်အချိန် မည်သည့်ကာလတွင် မည်သို့သောနည်းဖြင့် ရွေးကောက်ပွဲအသစ်တစ်ရပ် ကျင်းပနိုင်ရေးကိစ္စကိုသာ ဆွေးနွေး သွားရန်ဖြစ်သည်။ ဤနေရာတွင် အချို့သောသူများက စောဒကတက်စရာရှိပေသည်။ တပ်မတော်အစိုးရသည် ရွေးကောက်ပွဲရလဒ်အသစ်ကို အလေးမထား အသိအမှတ်မပြုလျှင် မည်သို့လုပ်မည်နည်းဟု မေးနိုင်စရာရှိသည်။ ထိုအခြေအနေမျိုးဖြစ်ပေါ်လာလျှင် ယခုအခြေအနေထက်ပို၍ဆိုးသည်ဟု ဆိုနိုင်ပါမည်လောဟု စောဒကတက်နိုင်ပါသည်။ အကယ်၍သာ ဆွေးနွေးမှုကြောင့် အောင်မြင်သောရွေးကောက်ပွဲအသစ် ကျင်းပနိုင်မည်ဆိုလျှင် အေးချမ်းဖြိုးရော အင်န်အယ်လ်ဒီပါတီတို့ပါ အနာဂတ်မြန်မာနိုင်ငံတွင် ထိုက်သင့်သောနေရာအသီးသီး ရနိုင်ကြပေလိမ့်မည်။ ထို့အပြင် နှစ်ဦးနှစ်ဖက်တို့သည်လည်း မျက်နှာပျက်စရာ မရှိတော့ပေ။

အထက်ဖော်ပြပါအတိုင်း အလှည့်အပြောင်း ပြုလုပ်ချဉ်းကပ်ခြင်းဖြင့် အေးချမ်းဖြိုးအစိုးရအဖွဲ့နှင့် အင်န်အယ်လ်ဒီပါတီတို့သည် တွေ့ဆုံဆွေးနွေးမှု ပြန်လည်စတင်နိုင်ပြီး နိုင်ငံရေး ရင်ကြားစေ့မှု ဖြစ်ပေါ်လာနိုင်ပါမည်လော။ အဖြေကို ကံသေကံမ အာမခံနိုင်မည်မဟုတ်ပါ။ သို့သော် နိုင်ငံရေးတွင် မည်သည့်ကိစ္စမှ သေချာပေါက်ဖြစ်မည်ဟူ၍ မဆိုနိုင်ပေ။ သို့ရာတွင် ကျွန်ုပ်တို့အသေအချာသိသော အချက်ကား ရှိပါသည်။ ထိုအချက်မှာ မြန်မာနိုင်ငံတွင် သန်းနှင့်ချီ၍ရှိနေသော ပြည်သူများသည် အလွန်ဆင်းရဲသော အခြေအနေတွင်ရှိနေကြသည်။ ထိုပြည်သူများ အနေဖြင့် အေးချမ်းဖြိုး အစိုးရအဖွဲ့နှင့် အင်န်အယ်လ်ဒီ ပါတီတို့ ရှေ့တစ်လှမ်းတိုးလာမည့်အချိန်ကို ကြာကြာစောင့်ဆိုင်း မနေနိုင်ကြတော့ဟူသော အချက်ပင်ဖြစ်ပေသည်။

(ဆောင်းပါးရှင် David Oldfield သည် ပါရဂူဘွဲ့ရသူ တစ်ဦးဖြစ်ပြီး Brooker Policy Research Co.,Ltd. ၏ ဥက္ကဋ္ဌ ဖြစ်ပါသည်)

‘ဝ’ ဒေသသံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ‘ဝ’ဒေသရှိ သံဃာတော်များအား ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ဌာန ဝေဠုဝန်ပရိယတ္တိစာသင်တိုက်တွင် ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက ‘ဝ’ဒေသရှိ သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း အစုံ ၁၂၀၀ ကို ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၇

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် သတင်းအရ လားရှိုးမြို့ (၈)ရပ်ကွက် နယ်မြေ(၅)သိန္နီ လမ်းမပေါ်ရှိ စိုပြေထမင်းဆိုင်အနီး၌ မသင်္ကာဖွယ် တွေ့ရှိရသူ မနန်းဝေလွင်အား ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသော အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၅၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ သိန္နီမြို့နယ် နမ့်စလပ်ကျေးရွာနေ ဦးမန်းစံ၏သမီး မနန်းဝေလွင်အား လားရှိုး အမှတ်(၁) ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၁၁၀/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၇

စလေ နယ်သူနယ်သားများ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၆၅ ခုနှစ် ဝါဆိုလပြည့်၁၅ရက် (ဇူလိုင် ၁၃ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၂နာရီထိ စလေသီဂိကျောင်း အမှတ်(၅)ဝိုင်း ကန်ဦး ကျောင်းတိုက် တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ စလေနယ်သူနယ်သားများ စေတနာထက်သန်စွာ တက်ရောက်လှူဒါန်းကြပါရန် နှိုးဆော်ထားပြီး ဦးစောလွင် ဖုန်း-၆၈၃၀၈၈၊ လိုင်းခွဲ ၄၅၉၊ ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

မြောက်တိုင်းလည်း မကြောက်နဲ့

မိုးညှင်းမြို့နယ်က ဟိုပင်တံတား

မြင့်ဝေလှိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ကွက်လပ်မကျန် တစ်ပြိုင်တည်းဖွံ့ဖြိုးလာစေရန် ဒေသအလိုက် လိုအပ်ချက်များကို တည်ဆောက်ပေးလျက်ရှိသည်။

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ ပြည်ထောင်စုတစ်ဝန်းတွင် ပြည်နယ်၊ တိုင်းများကို ဆက်သွယ်သည့် လမ်းမကြီးပေါင်း ၈၀ကို ပြည်ထောင်စုလမ်းမကြီးများအဖြစ် တိုးချဲ့သတ်မှတ်ပြီး လမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လမ်းများတစ်လျှောက်တွင် လိုအပ်သည့် တံတားကြီးနှင့် တံတားငယ်ပေါင်း မြောက်မြားစွာကိုလည်း တစ်ပါတည်း တည်ဆောက်ပေးလျက်ရှိနေသည်။ ရည်ရွယ်ချက်မှာ ပြည်ထောင်စုကြီး၏ အရှေ့ဖျားကနေ အနောက်ဖျား၊ မြောက်ဖျားကနေ တောင်ဖျား၊ ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ၊ ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ လျင်လျင်မြန်မြန် ရာသီမရွေး သွားလာ၍ရအောင် စီမံဆောင်ရွက်နေခြင်း ဖြစ်သည်။

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးနိုင်စေရန် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းများ၊ တံတားများကို နိုင်ငံတော်အစိုးရက အလေးထားပြီး စီမံတည်ဆောက်ပေးလျက်ရှိသည်။ ကချင်ပြည်နယ်အတွင်းတွင် ပေ ၁၈၀ နှင့်အထက် တံတားပေါင်းရှစ်စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ဟိုပင်တံတားသည် ကိုးစင်းမြောက် တံတားဖြစ်သည်။

ယခု ဟိုပင်တံတား သည် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်း၏ အစိတ်အပိုင်းပင်ဖြစ်သည်။

ရွှေဘို-မြစ်ကြီးနားကားလမ်း ဖောက်လုပ်ပြီးသည့်အခါတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စေတနာနှင့် လမ်းညွှန်မှုအရ ဧရာဝတီမြစ်အနောက်ဘက်ကမ်းသာမက အရှေ့ဘက်ကမ်းကပါ သွားနိုင်အောင် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား ကားလမ်းကြီးကို ဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ယခုအခါ ကချင်ပြည်နယ်အတွက် ကုန်းလမ်းထွက်ပေါက်လမ်းကြောင်းများအဖြစ် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းနှင့်မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနားလမ်းများ အခိုင်အမာ ဖြစ်ပေါ်နေပြီဖြစ်၍ လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ယခင်ကနှင့်မတူ ပိုမိုတိုးတက်ကောင်းမွန်ချောမွေ့နေပြီ ဖြစ်သည်။

ယခုကဲ့သို့ ကချင်ပြည်နယ်နှင့် အခြားပြည်နယ်၊ တိုင်းများ အပြန်အလှန်ဆက်သွယ်သွားလာနိုင်အောင် ဤကဲ့သို့ လမ်းမကြီးများ ဖော်ထုတ်တည်ဆောက်သကဲ့သို့ ပြည်နယ်အတွင်း ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုအဆင်ပြေရေးအတွက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် နမ္မတီး-တနိုင်း-နန်းယွန်း ကားလမ်းကိုလည်း အဆင့်မြှင့်ဖောက်လုပ်လျက်ရှိရာ ယခုအခါ တနိုင်းမြို့သည် သွားရေးလာရေး အခက်အခဲမရှိတော့သည့် ဒေသဖြစ်လာနေပြီဖြစ်သည်။ ထို့အပြင် မိုးကောင်း-ဖားကန့်-ဖားလမုန်း-ခန္တီးလမ်းကိုလည်း ဖောက်လုပ်ထားပြီး ရာသီမရွေး သွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်လျက်ရှိသည်။

ဟိုပင်တံတားသည် ရွှေဘို-မြစ်ကြီးနား လမ်းပေါ်တွင်ရှိပြီး မူလတံတားမှာ သစ်သားကြမ်းခင်းနှင့် တစ်လမ်းမောင်း သံပေါင်တံတားဖြစ်သည်။ ဝန်လေးယာဉ်များ ဖြတ်သန်းနိုင်ရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ နှစ်လမ်းမောင်း သံပေါင်သံကူ ကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့် တည်ဆောက်ပေးခြင်း ဖြစ်သည်။

ဤတံတားကို ၁၂-၂-၂၀၀၂ တွင် စတင်တည်ဆောက်ခဲ့ပြီး တစ်နှစ်နှင့်လေးလအကြာတွင် ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သည်။ ကုန်ကျစရိတ်မှာ ငွေကျပ် ၃၇၅ဒသမ၁သန်းဖြစ်သည်။ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်၌ပင် မိုးညှင်းတံတားနှင့် မိုးကောင်းတံတားများကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်နေရာ မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မည် ဖြစ်သည်။

အဆိုပါတံတားများ ပြီးစီးသွားလျှင် ပြည်မက ကုန်စည်များကို ကချင်ပြည်နယ်သို့လည်းကောင်း၊ ပြည်နယ်က ထွက်ကုန်များကို ပြည်မသို့လည်းကောင်း ပိုမိုလျင်မြန်စွာ ဖြတ်သန်းပို့ဆောင်နိုင်မည်ဖြစ်သည်။ ဟိုပင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။

ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ဟိုပင်တံတား ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအချက်ငါးချက်မှ နံပါတ်တစ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး အချက်နှင့်အညီ တောင်ပေါ်မြေပြန့်၊ နယ်စပ်ဒေသများမကျန် တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းများဖောက်လုပ်ပေးနေခြင်းကြောင့် ကချင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့်တိုင်းများ တစ်ဆက်တစ်စပ်တည်း အလွယ်တကူကူးသန်းသွားလာနိုင်သဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်ပါ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေသည့် စွမ်းဆောင်ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။

ဟိုပင်တံတားသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်၌ သရက်ချောင်း ကို ဖြတ်ကျော်တည်ဆောက်ထားသော တံတားဖြစ်သည်။ တံတားအရှည်မှာ ပေ ၂၀၀ ရှိပြီး သံပေါင်ရက်မခံ ကွန်ကရစ် ပိုင်တိုင် သံပေါင်တံတား အမျိုးအစား ဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၇၅ပေ၊ အမြင့် ၈ ပေဖြစ်သည်။ ဟိုပင်တံတားကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

တံတား၏ ယာဉ်သွား လမ်းအကျယ်မှာ ၂၆ ပေကျယ်ပြီး ခွင့်ပြုယာဉ် အလေးချိန်မှာ တန်၆၀ ဖြစ်သည်။ ဟိုပင်တံတားသည် ရွှေဘို-မြစ်ကြီးနား လမ်းပေါ်တွင် တည်ဆောက် ပြီးစီးဖွင့်လှစ်နိုင်သော ပထမဦးဆုံးတံတားဖြစ်ပြီး ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတို့ကို လွယ်ကူ ချောမွေ့စွာ သွားလာဆက်သွယ်နိုင်မည့် အရေးပါသော တံတားတစ်စင်းဖြစ်သည်။ ဟိုပင်တံတားကို တည်ဆောက်ပေးသဖြင့် ကချင်ပြည်နယ်၏ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာစေမည် ဖြစ်ပြီး ဒေသ အသီးသီးရှိ တိုင်းရင်းသားပြည်သူ အချင်းချင်း လွယ်ကူစွာ ဆက်ဆံနိုင်ကြကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားလာမည်ဖြစ်သည်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ရှိ ဟိုပင်တံတားဖွင့်ပွဲတွင် ဟိုပင်တံတား ကမ္ပည်းမှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ရှိ ဟိုပင်တံတား

ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇူလိုင် ၇

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့၊ ဂရုံသာယာအေး အလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ရက် နံနက်က အဆိုပါ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်နုနုစိန်က ကျောင်းသား၊ ကျောင်းသူ ၂၀၅ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဝင်းအား ပေးအပ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

လူမှုရေးအသင်းအဖွဲ့များသို့အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၇

ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဦးခိုင်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၊ ကြက်ခြေနီအသင်းနှင့် အရန်မီးသတ်တပ်ဖွဲ့များသို့ အလှူငွေကျပ် စုစုပေါင်း ၆၅၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်စာတိုင် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၆ ရက်က စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ ကျင်းပသည့် မင်းကွန်း တိပိဋကဓရ ရွှေရတုနှင့် တိပိဋက နိကာယ ငွေရတုအထိမ်းအမှတ်ပွဲတွင် မော်ကွန်း ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

*** မိုးမိတ်မှ**

အခမ်းအနားသို့ တိပိဋကနိကာယ စီမံအုပ်ချုပ်မှုနာယက ဆရာတော်များ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွှေရတု၊ ငွေရတုပွဲတော်ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ဝင်များ၊ တိနိအနုပညာအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်းကွန်းတိပိဋကဓရ ရွှေရတုနှင့် တိပိဋကနိကာယ ငွေရတုအထိမ်းအမှတ်ပွဲတော်အတွက် ဆောက်လုပ်လှူဒါန်းသည့် ရွှေရတု၊ ငွေရတု သုံးထပ်ကျောင်းဆောင်တော်သစ် ဖွင့်ပွဲအစီအစဉ်ကို အဆိုပါ သုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ စတင်ကျင်းပသည်။

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိပိဋကနိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့(ရန်ကုန်) ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေတို့က မင်းကွန်း တိပိဋက နိကာယ ရွှေရတု၊ ငွေရတု သုံးထပ်ကျောင်းဆောင်တော်သစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က တိပိဋကဓရရွှေရတု၊ တိပိဋကနိကာယငွေရတုပွဲတော် အထိမ်းအမှတ်မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အောင်သပြေပင်များကို စိုက်ပျိုးကြပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မင်းကွန်းတိပိဋကဓရ ရွှေရတု၊ တိပိဋကနိကာယငွေရတုပွဲတော်နှင့် ဗုဒ္ဓ ဓမ္မ သံဃ ပူဇာပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို တိပိဋကနိကာယ စာချကျောင်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုရည်မှန်း၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်ပရိသတ်တို့က ငြိမ်သက်စွာ ပူဇော်ကြည်ညိုကြသည်။

ယင်းနောက် တိပိဋကနိကာယစီမံ အုပ်ချုပ်မှု နာယက ဆရာတော်များအဖွဲ့ အကျိုးတော်ဆောင် ရွှေရတု တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီးဦးအေးဖေက မင်းကွန်း တိပိဋကဓရ ရွှေရတု၊ တိပိဋကနိကာယငွေရတုပွဲတော်ကြီးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ရွှေတံဆိပ်ဆုရ အဆိုတော်ဒေါ်သန္တာက ရွှေရတု၊ ငွေရတုပူဇာတေးထပ်ဖြင့် ရွတ်ဆိုသီကျူး ပူဇော်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ကျန်းမာရွှင်လန်းစွာဖြင့် တစ်စုတစ်ဝေးတည်း ဖူးမြော်ကြည်ညိုခွင့်ရပါသဖြင့် အထူးပင်ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်နူးမှုဖြစ်မိကာ ကုသိုလ်မင်္ဂလာတရားများကို တိုးပွားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

မင်းကွန်း တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသသည် မြန်မာသက္ကရာဇ် ၁၃၁၅ ခုနှစ်တွင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးကို ပြီးပြည့်စုံစွာ ဖြေဆိုအောင်မြင်တော်မူခဲ့၍ ဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တော်ကို ပထမဦးဆုံးရရှိ တော်မူခဲ့ရာ ယခု ၁၃၆၅ခုနှစ်တွင် နှစ်ပေါင်း(၅၀)ပြည့်၍ ရွှေရတုခေတ်ကာလသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဆရာတော်ကြီးတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တော်ရရှိပြီးနောက် မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ် ဝါဆိုလဆန်း ၅ ရက်(၁၉၇၈ ခုနှစ် ဇူလိုင် ၉ ရက်) တနင်္ဂနွေနေ့တွင် မင်းကွန်းတောင်ရိုးရှိ ဤမိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်ခဲ့ရာ ယခု ၁၃၆၅ ခုနှစ်တွင်ပင် (၂၅)နှစ်ပြည့်မြောက်ပြီး ငွေရတုခေတ်ကာလသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သော အခမ်းအနားသည် မင်းကွန်းဆရာတော်ကြီး၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်ရရှိခဲ့ခြင်းအနှစ် (၅၀)ပြည့် ရွှေရတုအခမ်းအနားဖြစ်သကဲ့သို့ တိပိဋက နိကာယ ကျောင်းတိုက်ကြီး၏ (၂၅)နှစ်ပြည့် ငွေရတု အခမ်းအနားလည်း ဖြစ်ပါကြောင်း။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် တိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်ရာတွင် နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းသော တိပိဋကဓရဆွမ်းဆန်တော် အလှူငွေများကို မိမိကိုယ်ကျိုးအတွက် လုံးဝမသုံးဘဲ မတည်အလှူငွေပြုလုပ်၍ ဒကာဒကာမများ၏လှူဒါန်းမှုများဖြင့် ပေါင်းစပ်ပြီး စတင်တည်ထောင်ခဲ့ကြောင်းကို သိရှိရပါကြောင်း။

ထို့ပြင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် ဤတိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာလက်ရှိ စာသင်တိုက်ကြီးများ၌ တိပိဋကဓရပုဂ္ဂိုလ်များ ပေါ်ထွန်းရေးအတွက် တိပိဋကဓရလောင်းလျာစာသင်သားများမှာ ဆွမ်း၊ သင်္ကန်း၊ကျောင်း၊ဆေးစသော ပစ္စည်းလေးပါးကို သီးခြားအထူးပြုထောက်ပံ့နိုင်ခြင်းမရှိခြင်း၊ တိပိဋကစာဝါများ သီးခြားပို့ချပေးနိုင်ခြင်း မရှိခြင်းတို့ကြောင့် ယင်းအခက်အခဲများကို ကျော်လွှန်နိုင်ရန်အတွက် ဤကျောင်းတိုက်ကြီးကို တည်ထောင်ရခြင်းဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ဤတိပိဋကနိကာယကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်တော်မူကြသော တိပိဋကဓရ လောင်းလျာစာသင်သားများမှာ ပစ္စည်းလေးပါးအတွက် ကြောင့်ကြမှုမရှိစေဘဲ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် စာပေကျက်မှတ်သင်ယူမှုကို အားသွန် ကြိုးပမ်းနိုင်ကြသဖြင့် ဤကျောင်းတိုက်ကြီးမှ တိပိဋကဓရပုဂ္ဂိုလ်များ နှစ်စဉ်အဆက်မပြတ် ပေါ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့မြင်နေရကြောင်း။

ဤတိပိဋကနိကာယကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် မင်းကွန်းဓမ္မနာဒတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ မန္တလေး ဗန်းမော်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ မန္တလေးမြို့မြတောင်တိုက်သမ္ဘတစာချကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေလာသာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်မှဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဘဒ္ဒန္တဉေယျဓမ္မာဘိဝံသတို့က ဝိုင်းဝန်းကူညီ၍စာပေပို့ချပေးခဲ့ကြကြောင်းကိုသိရှိရပါကြောင်း။

ဤကဲ့သို့ ဆရာတော်ကြီးများကိုယ်တိုင် စဉ်ဆက်မပြတ် စာပေသင်ပြပို့ချ ပေး၍ တိပိဋကနိကာယအဖွဲ့ကြီးကလည်း ပစ္စည်းလေးပါးပြည့်ဝစုံလင်စွာ ထောက်ပံ့ပေးခြင်းတို့ကြောင့် ဤမိုးမိတ်ကုန်းမြေ တိပိဋကနိကာယ သာသနာပြုကျောင်းတိုက်ကြီးမှ တိပိဋကဓရ အာဇာနည်ပုဂ္ဂိုလ်ထူးများ အသီးသီးပေါ်ထွက်လာခဲ့ရာ အကျဉ်းချုံးလျှောက်ထားရပါလျှင် –

- **တိပိဋကဓရ တိပိဋကကောဝိဒ အာဇာနည်ပုဂ္ဂိုလ် ၄ ပါး**
- **ပိဋကသုံးပုံဆောင်(တိပိဋကဓရ) အာဇာနည်ပုဂ္ဂိုလ် ၁ ပါး**
- **ပိဋကနှစ်ပုံခွဲအောင် အာဇာနည်ပုဂ္ဂိုလ် ၁ ပါး**
- **ပိဋကနှစ်ပုံခွဲဆောင် အာဇာနည်ပုဂ္ဂိုလ် ၄ ပါး**
- **ပိဋကနှစ်ပုံအောင် အာဇာနည်ပုဂ္ဂိုလ် ၂ ပါး**
- **ပိဋကနှစ်ပုံဆောင် အာဇာနည်ပုဂ္ဂိုလ် ၂၀ ပါး**
- **ပိဋကတစ်ပုံအောင် အာဇာနည်ပုဂ္ဂိုလ် ၃၉ ပါး**
- **ပိဋကတစ်ပုံဆောင် အာဇာနည်ပုဂ္ဂိုလ် ၁၂၄ ပါး**
- **ပိဋကတစ်ပုံတစ်ဝက်အောင် အာဇာနည်ပုဂ္ဂိုလ် ၃၅၁ ပါး**

စုစုပေါင်း အာဇာနည်ပုဂ္ဂိုလ် ၅၄၆ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း။

ထို့ပြင် မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော သာသနာရေးလုပ်ငန်းများအနက် ထူးခြားသည့် သာသနာရေးဆောင်ရွက်ချက် အချို့ကို ထုတ်ဖော်လျှောက်ထားရပါလျှင်–

- **ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးတွင် သင်္ဂါယနာဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ် တစ်ပါးတည်း ထူးချွန်စွာ အစအဆုံးဆောင်ရွက်တော်မူခဲ့ခြင်း၊**
- **အတွဲခြောက်တွဲ၊ အုပ်ရေရှစ်အုပ်ရှိသော နိုင်ငံတော် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြီးစီးအောင် ရေးသားပြုစုတော်မူခဲ့ခြင်း၊**
- **မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့ခြင်း၊**
- **မင်းကွန်းဓမ္မနာဒကျောင်းတိုက်ကြီး ပိဋကကျမ်းစာအမျိုးမျိုးကို ပို့ချပေးခဲ့ရုံသာမက ခက်ခဲနက်နဲသော အဘိဓမ္မာ၊ အဋ္ဌကထာ၊ မူလဋီကာ၊ အနုဋီကာကျမ်းစာများကို ပျံလွန်တော်မူခါနီးအချိန်ထိ သင်ပြပို့ချပေးတော်မူခဲ့ခြင်း၊**
- **အနယ်နယ်အရပ်ရပ်သို့ ကြွရာ ယာဉ်အမျိုးမျိုးဖြင့် လှည့်လည်ကြွချီ၍ တရားဒေသနာတော်များကို မနေမနား ဟောကြားတော်မူခဲ့ခြင်း၊**
- **ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများကို ဦးစီး ဦးဆောင်ပြုလုပ်၍ တည်ထောင်ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း၊**
- **ပြည်နယ်နှင့်တိုင်းအသီးသီးတို့၌ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကို ဦးစီးဦးဆောင်ပြုလုပ်၍ တည်ထောင်ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း၊**
- **မန္တလေးမြို့၌ ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးကိုဦးစီး ဦးဆောင်ပြု၍ တည်ထောင်ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း**

စသော အံ့သြဖွယ်ရာ ထူးခြားသော ဆောင်ရွက်ချက်များကို တွေ့ရှိပါကြောင်း။

ထို့ပြင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ပေးခဲ့သော တိပိဋကနိကာယ သာသနာပြုအဖွဲ့ကလည်း တိပိဋကဓရ ရွှေရတုကာလနှင့် တိပိဋကကျောင်းတိုက်ကြီး၏ ငွေရတုကာလ အထိမ်းအမှတ်အဖြစ် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ထားသည်ကိုလည်း တွေ့ရှိရပါကြောင်း။

- **မိုးမိတ်စေတီတော်ကြီး၊ စက်တော်ရာစေတီတော်၊ မင်းကွန်း တိပိဋကလွမ်းစေတီတို့အား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊**
- **မိုးမိတ်ကုန်းမြေ တိပိဋကကျောင်းတိုက်ကြီးအတွင်း၌ ရွှေရတု၊ ငွေရတု အထိမ်းအမှတ် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊**
- **ရန်ကုန်တိပိဋကကျောင်းတော်အတွင်း၌ တိုးချဲ့ကိုးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းရန် စီမံဆောင်ရွက်နေခြင်း**
- **လမ်းအရှည်ကိုးမိုင်ကျော်ရှိသည့် စစ်ကိုင်း–မင်းကွန်းကားလမ်းနှင့် လမ်းအရှည်နှစ်မိုင်ခန့်ရှိသည့် မင်းကွန်း ဓမ္မနာဒကားလမ်းတို့ကို ကတ္တရာလမ်းချောအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခြင်း၊**
- **ရွှေရတု၊ ငွေရတုစာစောင်၊ ပြက္ခဒိန်နှင့် အမှတ်တရပုံတော်များ ထုတ်ဝေခြင်း၊**

စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်းကို သိရှိရပါကြောင်း။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဦးစီးဦးဆောင်ပြုလုပ်ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများသည်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အမှူးပြုသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဆောင်ရွက်သမျှသော သာသနာပြုလုပ်ငန်းများသည်လည်းကောင်း ဆတက်ထမ်းပိုး တိုး၍တိုး၍ အောင်မြင်တော်မူကြပါစေ၊ ထို့ပြင် ဆရာတော်အရှင်မြတ်တို့နှင့် နိုင်ငံတော် အစိုးရဦးဆောင်သည့် ပြည်သူပြည်သားများ ဆရာဒကာလက်တွဲ ညီညာဆောင်ရွက်သမျှသောအမျိုးဘာသာသာသနာစည်ပင်ပြန့်ပွားထွန်းကားရေးလုပ်ငန်းများသည်လည်းကောင်း၊ အရှိန်အဟုန်မပျက်တိုးတက်အောင်မြင်လျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အလျင်အမြန် ရောက်ရှိပါစေကြောင်းဆုတောင်းပတ္ထနာပြုလျက် တပည့်တော်၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရားဟု လျှောက်ထားသွားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မင်းကွန်း တိပိဋကဓရ ရွှေရတု၊ တိပိဋကနိကာယ ငွေရတုပွဲတော်နှင့် ဗုဒ္ဓ၊ဓမ္မ၊သံဃ ပူဇော်ပွဲတော်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ သားသမီး မြေးတစ်စုတို့က တိပိဋက စာအောင်သံဃာ ၂၆ ပါးတို့အတွက် ငွေကျပ် ၂၆၀၀၀၀ကို ပေးအပ်လှူဒါန်းရာ တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေက လက်ခံသည်။

စာမျက်နှာ ၁၃ ကော်လံ ၁

8-7 (12).p65 1 3/25/05, 8:39 PM

တရားစခန်းပွဲနှင့်ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၇

ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဥဏ်ရောင်ရိပ်သာကျောင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်း တရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ ဝါတွင်းသုံးလ လစဉ် လပြည့်နေ့မှ လပြည့်ကျော် ၁၀ ရက်အထိ မဟာသတိပဋ္ဌာန်နည်းလမ်းမှန်အတိုင်း ရှုမှတ်ပွားများအားထုတ်ကြမည်ဖြစ်ရာ တရားစခန်းဝင်လိုသူယောဂီများ လစဉ် လဆန်း ၁၄ ရက်အရောက်လာကြပြီး ဝါဆိုသံဃာအရှင်မြတ်တို့အား ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်မည်ဖြစ်ပါ၍ အလှူရှင်များ ဖုန်း– ၅၄၃၃၅၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

ချော့တိုင်းလည်း မပျော့နဲ့



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့ ပုသိမ် အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟင်္သာတနှင့်ပုသိမ်၌ ဆေးရုံ၊ တက္ကသိုလ်နှင့် ကောလိပ်များတည်ဆောက်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၇

ဧရာဝတီတိုင်း ဟင်္သာတမြို့တွင်ရောက်ရှိနေကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတို့သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၄ ရက် ညနေပိုင်းတွင် ဟင်္သာတမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါ်ဝင့်ဝင့်တိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြပြီး လူနာဆောင်များနှင့် အထူးကြပ်မတ်ကုသဆောင်တို့ကို လှည့်လည်ရှင်းလင်းပြသသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် လူနာများအား နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက ပြည်သူများ အားထားယုံကြည်ခြင်းခံရသည့် ဆေးရုံကြီးဖြစ်လာအောင် ဆရာဝန် ဆရာများက ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဟင်္သာတတက္ကသိုလ်၏ စာသင်ဆောင်များ၊ ဆောက်လုပ်ဆဲ စာသင်ဆောင်များကို လှည့်လည် ကြည့်ရှု စစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် မှာကြားသည်။

ထိုအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဟင်္သာတမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဟင်္သာတမြို့ အစိုးရကွန်ပျူတာကောလိပ်တာဝန်ခံ ကျောင်းအုပ် ဒေါ်ငြိမ်းငြိမ်းလွင်က ကောလိပ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စတင်ဖွင့်လှစ်ခဲ့မှု၊ ဆရာ ဆရာမအင်အား၊ သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဟင်္သာတမြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ခန်းမဆောင်၌ ကျောင်းအုပ် ဦးသက်ထူးဟန်က ဟင်္သာတမြို့အစိုးရနည်းပညာကောလိပ် စတင်ဖွင့်လှစ်ခဲ့မှု၊ သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွတ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး စက်ပစ္စည်းများဖြင့် ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် ဟင်္သာတမြို့မှ ပုသိမ်မြို့သို့ ထွက်ခွာခဲ့ကြပြီး ကျုံပျော်မြို့အဝင်၌ ကြိုဆိုနှုတ်ဆက်ကြသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များကို မှာကြားသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်လည်း ကျုံပျော်မြို့နယ်မြေခံတပ်ရင်း၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံနှုတ်ဆက် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိကြပြီး ပုသိမ်အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်းကို ဝင်ရောက်ကာ ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပုသိမ်အစိုးရနည်းပညာကောလိပ်ကျောင်းအုပ် ဒေါ်ရီရီမြင့်က အစိုးရနည်းပညာကောလိပ် စတင်ဖွင့်လှစ်ခဲ့မှုနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာကာဦးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်က ပုသိမ်အစိုးရ နည်းပညာကောလိပ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ(၉၀)ရာခိုင်နှုန်း ပြီးစီးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များကို မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ဆေးရုံကြီးသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံအဆောက်အအုံနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လူနာများအားလည်း တွေ့ဆုံ နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် ငဝန်တံတား(ပုသိမ်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ငဝန်တံတား(ပုသိမ်) တည်ဆောက်ရန် ဖြစ်နိုင်မည့် အသင့်လျော်ဆုံးနေရာများကို ကြည့်ရှုစစ်ဆေးလေ့လာတိုင်းတာခဲ့ပါကြောင်း၊ အဆိုပါနေရာများအနက် ပုသိမ်မြို့ မရမ်းချောင်းကျေးရွာနှင့် တစ်ဖက်ကမ်းရှိ ကမ်းနီကျေးရွာကြား နေရာသည် တံတားတည်ဆောက်ရန်အသင့်လျော်ဆုံးနေရာဖြစ်ပါကြောင်းဖြင့် ငဝန်တံတား (ပုသိမ်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ မြေပုံများဖြင့် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁

စာမျက်နှာ ၁၂ မှ

ဆက်လက်၍ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေ ဦးဆောင်သော ရန်ကုန်မြို့ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့က ငွေကျပ်သိန်း ၁၅၀၊ ရွှေစင်အကယ်ဒမီ ဦးသူတော် ဦးဆောင်သော မန္တလေးမြို့ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့က ငွေကျပ်သိန်း ၁၅၀၊ စစ်ကိုင်းတိုင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက ငွေကျပ် ၁၀ သိန်း၊ တိ–နိ(မန္တလေးဌာန)ဥက္ကဋ္ဌကြီး ရွှေစင်အကယ်ဒမီ ဦးသူတော်– ဒေါ်ခင်စိန်မိသားစု မျက်ပါးရပ် မန္တလေးမြို့က (မိုးမိတ်စေတီတော်ကြီး၏ ရွှေထီးတော်အတွက်)ငွေကျပ် ၂၅သိန်း၊ တိ–နိ(ရန်ကုန်) ဥက္ကဋ္ဌဟောင်း ဦးလှမောင်–(ဒေါ်လှစိန်)မိသားစု တာမွေမြို့နယ် ရန်ကုန်က ငွေကျပ် ၂၅သိန်း၊ တိ–နိ(ရန်ကုန်) သုဘဒ္ဒါအမျိုးသမီးများအဖွဲ့ဝင် (ဦးမောင်မောင်ခင်)–ဒေါ်ခင်ညို မိသားစု ကမာရွတ်မြို့နယ် ရန်ကုန်မြို့က (စက်တော်ရာစေတီတော်၏ ရွှေထီးတော်အတွက်) ငွေကျပ် ၂၅ သိန်း၊ တိပိဋကနိကာယဝင် တိုက်သားဟောင်း သံဃာတော်များအဖွဲ့က ငွေကျပ် ၂၅ သိန်း၊ အရှင်သီလက္ခန္ဓာဘိဝံသ၊ အရှင်ဝံသပါလလင်္ကာရ၊ အရှင်ဂန္ဓမာလာလင်္ကာရ၊ အရှင်အဂ္ဂန္ဒပါလ တိပိဋကဓရ ဆရာတော် ညီနောင်လေးပါးတို့က ငွေကျပ် သိန်း ၂၀၊ ရွှေရတုတိပိဋကဓရ ဆရာတော် အရှင်ဝံသပါလလင်္ကာရအား အမှူးထား၍ မယ်တော်ကြီး ဒေါ်ကျင်မြိုင်ခွက်ခွင်းရာ မြင်းမူမြို့နယ်က (မင်းကွန်းတိပိဋကဓရလွမ်းစေတီအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်)အတွက် ငွေကျပ်သိန်း ၂၀၊ ကိုသက်နိုင်–မမီမီဝင်း အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်းမိသားစု မန္တလေးမြို့က ငွေကျပ် သိန်း ၂၀၊ ဟိုပင်မြို့မှ ဒေါ်ခင်မာကြူ၊ ဒေါ်ပြုံးမေ၊ ဒေါ်ဖော့၊ ဒေါ်ထုံးတို့ဦးဆောင်သော ဟိုပင်မြို့သူမြို့သားများက ငွေကျပ်သိန်း ၂၀၊ တေးသံရှင် ကိုဇော်ဝင်းထွဋ် ဦးဆောင်သော အင်ပါယာတေးဂီတအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ရွှေစင်အကယ်ဒမီ ဦးသူတော်–ဒေါ်ခင်စိန် မိသားစု၊ ဦးကျော်မြင့်–ဒေါ်မြင့် မြင့်အေးမိသားစု၊ ဦးဝင်းဗိုလ်–ဒေါ်ဆွေဆွေသိန်းမိသားစု၊ ဦးသန်းထွန်းဦး–ဒေါ်ခင်မိမိမိသားစု၊ ဦးဌေးအောင်– ဒေါ်စန်းစန်းအေးမိသားစု၊ ဦးဇော်ဝင်း–ဒေါ်စန်းဌေးမိသားစု၊ ဦးမြင့်အောင်–ဒေါ်သောင်းကြည်မိသားစု၊ ဦးဖုန်းမြင့်–ဒေါ်ခင်သန်းမေမိသားစုများ မန္တလေးမြို့က ငွေကျပ်ကိုးသိန်း၊ ရွှေတောင်မော် တိ–နိအဖွဲ့၊ ရွှေတောင်မော်ရွာ၊ မအူပင်မြို့နယ်က ငွေကျပ် ရှစ်သိန်းခွဲ၊ ဦးအောင်သိန်းအဖွဲ့ မအူပင်မြို့နယ်က ငွေကျပ်ခြောက်သိန်းရှစ်သောင်း၊ မာဃဆေးလိပ်ခုံမိသားစု မော်လမြိုင်က ငွေကျပ်ခြောက်သိန်း၊ ဦးသန်းထွန်းအဖွဲ့ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်က ငွေကျပ်ခြောက်သိန်း၊ ဒေါ်သိန်းသိန်း၊ ဒေါ်ညွန့်ညွန့်ဝေအဖွဲ့ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်က ငွေကျပ်ခြောက်သိန်း၊ ဦးစိုးဝင်း–ဒေါ် ယဉ်နုမိသားစု တောင်ဥက္ကလာပမြို့နယ် ရန်ကုန်က ငွေကျပ်လေးသိန်း ရှစ်သောင်း၊ ဒေါ်တင်ရီအဖွဲ့ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်ကငွေကျပ်သုံးသိန်း၊ ဦးလှိုင်ကြည်–ဒေါ်တင်ဦး ကျွဲရိုင်းဖိနပ်လုပ်ငန်းမိသားစု မန္တလေးမြို့က ငွေကျပ်သုံးသိန်း၊ ဦးမျိုးညွန့်–ဒေါ်သန်းရီ၊ သန့်ဇင်ဝင်းဆေးလိပ်ခုံမိသားစု ကောလင်းမြို့က ငွေကျပ်သုံးသိန်း၊ ဦးဝင်းစိန်–ဒေါ်ရိန်၊ ဝိန့်စိန်ရွှေဆိုင်မိသားစု မန္တလေးမြို့က ငွေကျပ်သုံးသိန်း၊ ဒေါ်ဌေးဌေးခိုင် မွေးနေ့အလှူ၊ မောရိယမန်းဆေးမိသားစု မန္တလေးမြို့က ငွေကျပ်သုံးသိန်း၊ ဦးဘိုအုန်း–(ဒေါ်ခင်လေး)မိသားစု၊ ဒေးဒရဲတိ–နိအဖွဲ့ ဒေးဒရဲမြို့က ငွေကျပ်သုံးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၅၆၅၁၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လက်ခံကြသည်။

ယင်းနောက် တိပိဋကနိကာယ စီမံ အုပ်ချုပ်မှုနာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော် ဝဋံသကာသိရောမဏိ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ခေတ်မီမော်တာစက်သစ်ကြီးများကို အသုံးပြုပြီး
ဝိနည်းတော်နှင့်အညီ အထူးချုပ်လုပ်ထားသော
သမ္မတ ဖါဆိုသင်္ကန်းများ
ဆယ်စုံအထက်ဝယ်ယူသူများကို အိမ်အရောက်ပို့ပေးပါမည်။
ဆိုင်(၁) အမှတ် ၁၁၈(စီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ☎ - ၅၅၅၃၉၅၊ ၅၅၅၃၉၆
ဆိုင်(၂) အမှတ် ၂၃(ဘီ) ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ☎ - ၅၅၄၉၅၅၊ ၅၅၃၂၈၂

စာမျက်နှာ ၁၃ မှ

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဝေန်တံတား (ပုသိမ်) တည်ဆောက်မည့် အစီအစဉ်များနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ရန် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ငဝန်မြစ်၏ရေအတိမ်အနက်၊ ရေတက်ရေကျအခြေအနေ၊ မရမ်းချောင်းကျေးရွာနှင့် ကမ်းနီကျေးရွာ အကြား မြစ်ကမ်းပါးခိုင်ခံ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက ဝေန်တံတား(ပုသိမ်) တည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်းရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ရခိုင်ပြည်နယ်မှ ဂွမြို့နယ်စသည့် ဒေသများအထိ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေတို့သို့လည်း လွယ်ကူစွာသွားရောက် အပန်းဖြေနိုင်မည်ဖြစ်သဖြင့် ဝေန်တံတား(ပုသိမ်)သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသွားမည့် တံတားဖြစ်ပါကြောင်းဖြင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဖုန်းက ဝေန်တံတား(ပုသိမ်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းနှင့် မလွတ်ကင်းသည့် မြန်မာ့သစ်လုပ်ငန်း အဆောက်အအုံများ ပြောင်းရွှေ့သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး တံတားတည်ဆောက်ရန် ရွေးချယ်ထားသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဝေန်မြစ်ကူး ဝေန်တံတား(ပုသိမ်) တည်ဆောက်ပြီးစီးပါက ငဝန်မြစ်အနောက်ဘက်ကမ်းရှိ ပုသိမ်မြို့နယ်၊ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်ကျေးရွာအုပ်စု ၉၃ အုပ်စု၊ ရွာပေါင်း ၄၈၈ ရွာတွင် နေထိုင်ကြသည့် ပြည်သူသုံးသိန်းကျော်၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ဒေသထွက် ရေထွက်ပစ္စည်း၊ ဆန်စပါး၊ အုန်းသီးဆန်ခြောက်နှင့် သစ်တောထွက်ပစ္စည်းများကို ဈေးကွက်သို့ လွယ်လွယ်ကူကူ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

မော်တင်စွန်းမှ ပုသိမ်အနောက်ဘက်ခြမ်းတစ်လျှောက် သာပေါင်း–ကြခင်းလမ်း၊ သံတွဲ–ဂွ–ရေနံ့သာ–သာပေါင်းလမ်းတို့မှတစ်ဆင့် ပုသိမ်–ရန်ကုန်လမ်း၊ ပုသိမ်–မုံရွာလမ်းစသည့် ပြည်ထောင်စုလမ်းမကြီးများနှင့် တိုက်ရိုက်ဆက်စပ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေရှိ ဟိုတယ်နှင့် အပန်းဖြေလုပ်ငန်းများသည်လည်း သိသာစွာ တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီလီမိတက်၏ ငဝန်မြစ်တွင်း၌ လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရေယာဉ်ပေါ်၌ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် လှောင်အိမ်စနစ်ဖြင့် ငါးတန်ငါးများ မွေးမြူထားမှု အခြေအနေနှင့် အစာကျွေးခြင်း လုပ်ငန်းများကို လည်းကောင်း၊ နမူနာအဖြစ် ပြသထားသည့် ငါးတန်သားပေါက်များနှင့် တီလားဗီးယားငါးသားပေါက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မကြာမီဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် တန် ၇၅၀ဆံ့ အအေးခန်းစက်ရုံနှင့် လုပ်ငန်းများဆောင်ရွက်ရန် ဖြည့်တင်းထားရှိပြီးဖြစ်သည့် အအေးခန်းစက်ရုံသုံး ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့ပြင်တစ်နာရီ ၁၀ တန်ကျ ငါးအစာတောင့်စက်ရုံနှင့် ထုတ်လုပ်ထားသည့် ငါးစာများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာ၌ စနစ်တကျသပ်ရပ်စွာ ပြုလုပ်ထားသည့် ကုမ္ပဏီ၏ ငါးပုစွန်ထုပ်ပိုးပစ္စည်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် တာဝန်ရှိသူများက ငါးမွေးမြူသည့် လှောင်အိမ်များတည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းနှင့် စပ်လျဉ်း၍ တင်ပြချက်များမှာ စိတ်ဝင်စားဖွယ်နှင့် အားရကျေနပ်ဖွယ်အချက်များ ဖြစ်သည်ကို ရှင်းလင်းပြောကြားပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ အရာရှိ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

ထိုအချိန်တွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ်သို့ သွားရောက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးချိုက ပုသိမ်တက္ကသိုလ်သည် ပုသိမ်ဥပစာကောလိပ်အဖြစ် စတင် သန္ဓေတည် ဖြစ်ပေါ်ခဲ့သည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ပုသိမ်ဥပစာကောလိပ်ကို (၇–၇–၁၉၅၈) တွင် ဖွင့်လှစ်ခဲ့ရာ ပုသိမ်တက္ကသိုလ်၏ သက်တမ်းသည် (၄၅)နှစ်ပြည့်မြောက် ပြီဖြစ်၍ ရွှေရတုအကြိုကာလသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ (၄၅)နှစ် ပြည့်မြောက်သည့်နေ့တွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များ ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိလာသဖြင့် မိမိတို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး တက္ကသိုလ်၏ အကျယ်အဝန်း၊ ဖွင့်လှစ်ထားသော ဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြိုဘွဲ့လွန်ပေါင်းစပ်ဘာသာရပ်များ၊ ဆရာ ဆရာမနှင့် ဝန်ထမ်းအင်အား၊ ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိသည့် အခြေအနေများ၊ ဘာသာရပ်အလိုက် ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၊ နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် သုတေသနပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ တက္ကသိုလ်၏ တည်ဆောက်ရေး လုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးရေးလှုပ်ရှားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များ ခန်းမအတွင်းသို့ ရောက်ရှိလာကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ အနာဂတ်နိုင်ငံတော်အတွက် ဖန်တီးရှင်များကို မွေးထုတ်ပေးနေသည့် ဆရာ ဆရာမများနှင့် တွေ့ဆုံရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ပညာရည်မြင့်တင်ရေး အစီအစဉ်များကို ချမှတ်ထားပေးရာ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်ရာ ဆရာ ဆရာမများကလည်း မိမိတို့၏မွန်မြတ်သော လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ည ၇ နာရီခွဲတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်းနေ
ဦးဌေးလွင် [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန]–ဒေါ်အုံးကြည်တို့၏သား
မောင်ဗိုလ်မင်း (Cavendish College, London, UK)
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းသွယ်နေ
သီဟသူရဦးသိန်းထွန်းတင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)–ဒေါ်အမာသင်းတို့၏သမီးလတ်
မမြသဲဖြူ B.Sc (Hons)(Computing and Information System)
Oxford Brookes University, UK
တို့သည် ၂၉–၆–၂၀၀၃ရက်နေ့တွင် Sedona Hotel ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် တရားရုံးချုပ်တရားသူကြီး ဦးထွန်းရှင်၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီးစီးပါသည်။
နှစ်ဖက်သောမိဘများနှင့်မောင်ဗိုလ်မင်း–မမြသဲဖြူ

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

၂၀၀၃ခုနှစ် ဇူလိုင်လ ၆ ရက် (တနင်္ဂနွေနေ့)တွင် Traders Hotel၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဆောင်မွန် ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်းအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းအားလည်းကောင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်လှိုင်နှင့်ဇနီး ဒေါ်ခင်ဝင်းနွယ်အားလည်းကောင်း၊ ညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အကောက်ခွန်ဦးစီးဌာနမှဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မယမင်းနိုင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မသူသူမျိုးစစ်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနီလာသန္တာငြိမ်းတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားနှင့် သတို့သမီးအရန်အဖြစ်ဆောင်ရွက်ပေးကြသော မောင်ချမ်းငြိမ်းသူနှင့် မနန္ဒာဦးတို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှပြင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှပြင် ဒေါ်စန်းစန်းဦး၊ Wedding Course ပြုလုပ်ပေးသော Micasa Hotel (Phoenix Beauty Centre)၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူးနှင့်အဖွဲ့၊ တေးဂီတ Emperor အဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာညှော်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော Traders Hotel မှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်ဗိုလ်မင်း–မမြသဲဖြူ

မင်္ဂလာဦးဆုမွန်

မောင်လေးဗိုလ်မင်းနှင့် ညီမလေးသဲသဲတို့ ၏ ၆–၇–၂၀၀၃ရက် မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်တူကိုယ်တူ အေးအတူ ပူအမျှ ပျော်ရွှင်ချမ်းမြေ့ ပြီးပြည့်စုံသော မိသားစုဘဝလေးကို ရာသက်ပန်တည်ဆောက်နိုင်ပါစေ။
ချစ်မမ–ချိုသဲဖြူ၊ ချစ်ကိုကြီး–ဗိုလ်ထွန်း
ချစ်တူမလေး–ကူးကူး၊ ချစ်တူလေး–သားငယ်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ပြည်မြို့၊ စံနန်းဦးလမ်း၊ အမှတ် ၃၆၂ နေ
ဦးမြင့်သန်း–ဒေါ်တင်နှောင်းတို့၏သား
မောင်ကောင်းမြတ်သူ
B.Sc (Maths)
(ဇေရာရွှေဝါကုမ္ပဏီလီမိတက်)
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဈေးလမ်း၊ အမှတ် ၇၀ နေ
(ဗိုလ်မှူးခင်မောင်၊ ငြိမ်း)–ဒေါ်ယဉ်ယဉ်လှတို့၏သမီး
မနွေဦးခင်
3rd Year (Eco)

တို့၏ ၆–၇–၂၀၀၃ရက်(တနင်္ဂနွေနေ့)တွင် Hotel Nikko ၌ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးသော အငြိမ်းစားသံအမတ်ကြီး ဗိုလ်ချုပ်တင်စိန်(ငြိမ်း)နှင့်ဇနီး ဒေါ်မြမြစီတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းခြင်းနှင့် စုလျားရစ်ပတ် လက်ထပ်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံးတို့အားလည်းကောင်း၊ ၂–၇–၂၀၀၃ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး(၂)ဦးစိုးသိန်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်ရီရီသန့်နှင့် တေးသီငှက်တေးဂီတအဖွဲ့၊ မိတ်ကပ်၊ ဆံပင်အလှပြုပြင်ပေးသော အောင်အောင်၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီးအဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်ပေးသော မလတ်လတ်၊ မင်္ဂလာညှော်ခံပွဲအားပေးကြွရောက်ချီးမြှင့်ပေးသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီသူများအားလုံးကိုလည်းကောင်း၊ Hotel Nikko မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။
နှစ်ဖက်သောမိဘများနှင့်မောင်ကောင်းမြတ်သူ–မနွေဦးခင်

ဘိန်းဖြူ ၃၇ ဒသမ ၁၆ ကီလို မူဆယ်မြို့၌ဖမ်းမိ

ရန်ကုန် ဇူလိုင် ၇

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက်တွင် မူဆယ်မြို့ ဈေးရပ်ကွက် အမှတ် ၈/၂၃၃ နေ ဦးကျန်ရင်ချွင်၏သား ကျန်ဟောင်ကျောင်(ခ) ရှောက်ဟော်၏နေအိမ်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်လာမည်ဖြစ်ကြောင်း သတင်းအရစောင့်ဆိုင်းနေစဉ် မာ့ခ်တူးအမျိုးအစား ဆလွန်းယာဉ်အမှတ်(ကက/၈၂၁၁)သည် နေအိမ်ရှေ့သို့မောင်းနှင်လာပြီး တစ်စုံတစ်ရာ မသင်္ကာသည့်အသွင်ဖြင့် နေအိမ်အတွင်းသို့ ဝင်ရောက်ခြင်းမပြုဘဲ ပြန်လည်မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မူဆယ်မြို့ ပြည်ထောင်စုလမ်းမကြီးဘေးရှိ ရထိုက်ကုမ္ပဏီအနီးတွင် ယာဉ်မောင်းဖြစ်သူ ကျန်ဟောင်ကျောင်(ခ) ရှောက်ဟော်အား ယာဉ်ပေါ်ပါ ဘိန်းဖြူ ၃၇ ဒသမ ၁၆ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ဆက်လက်အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်နိုင်လတ်၏ နိုင်ငံကူးလက်မှတ်အမှတ်–၂၅၈၉၀၇ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။
အမှတ် ၆၀၃၊ ပြည်လမ်း၊ ကမာရွတ်၊
ဖုန်း–၅၂၅၄၆၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊အမှတ် ၆၉၆/၆၉၈ နေ ဒေါ်မြစိန်(ဘီလစ်) မှတ်ပုံတင်အမှတ် ၁၀/မလမ(နိုင်) ၀၅၉၃၂၁က လသာမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၂၁A၂၊ မြေကွက်အမှတ် Western Portion of Southern 1/2 of I°4 မြေအမည်ပေါက် Hawa Bee Bee အမည်ရှိ မြေပိုင်မြေအား မြေပုံကူးခွင့်ပြုပါရန် လျှောက်ထားလာရာ ရက် ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၆

ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တသုမနသာဂရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အား အမှူးထား၍ ကျောင်းတိုက်ဝါဆိုသံဃာနှင့် ပင့်သံဃာ ၃၁ ပါးတို့အား တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို(ဝါဆိုလဆန်း၁၄ ရက်) ဇူလိုင်၁၂ ရက် နံနက် ၈း၃၀ နာရီတွင် မြန်မာ ကန္ဒီ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ တပည့်ဒါယကာဒါယိကာမ များသည် ဖုန်း-၅၉၃၃၅၇သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သာမဏေကျော်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

ပဲခူးမြို့ သာမဏေကျော် ပရိယတ္တိစာသင်တိုက်များ၌ သီတင်းသုံး ဝါကပ်တော်မူကြမည့် ဆရာတော် ဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသ(သ၊စ၊သ၊အ ဓမ္မာစရိယ ဘီအေ) အမှူးပြုသော သံဃာတော်အပါး ၂၀၀ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ကျောင်းတိုက် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၃ ရက် (ဝါဆိုလပြည့်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ ကြွရောက်ကြပါရန် ကျောင်းအကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ဝါဆိုသင်္ကန်းကပ်လှူပူဇော်

ရန်ကုန် ဇူလိုင် ၆

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (၁၃)ကြိမ်မြောက် ဩဝါဒခံယူပွဲ အခမ်းအနားကို ယမန်နေ့နံနက်၁၀နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းရှိကမ္ဘာမြင့်ကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (အပေါ်ပုံ)

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရထံမှ တိုင်းမှူး အမှူးပြုသော ဧည့်ပရိသတ်များက ဩဝါဒနှင့် အနုမောဒနာတရားများ နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်ကန်အေးကွင်းကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်ဩဝါဒခံ ညောင်ကန် အေးကွင်းကျောင်း သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သံဃာတော်များနှင့်ပင့်သံဃာတော်အရှင်မြတ်တို့အား (၁၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (ဝါခေါင်လဆန်း ၆ ရက်)ဩဂုတ်၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ မဟာဓမ္မ ကထိက ဗဟုဇနဟိတရေ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အင်းစိန်ညောင်ကန်အေးဆရာတော်ကိုယ်တိုင် ဝဿဝါသိကစီဝရ အနုမောဒနာတရား ချီးမြှင့်ဟောကြားတော်မူမည် ဖြစ်သည်။

စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲတွင် သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ်၂၀၀၀ဖြင့် ဖြစ်စေ၊ ထီး၊ ဖိနပ်၊ ဆေးဝါး စသော ပစ္စည်းလေးပါးတို့ကို ဖြစ်စေ၊ သံဃာတော်များအတွက် ဆွမ်းစရိတ်ကိုဖြစ်စေ ဝေယျာဝစ္စအဖွဲ့ ဖုန်း-၅၆၀၉၂၄ နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်က ချီးမြှင့်ပေးအပ်သော ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဒလမြို့ ကမာကဆစ်ရပ်ကွက် အလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တ ဣန္ဒကာသာရာဘိဝံသအား ဂုဏ်ပြုပူဇော်ပွဲကို ဇွန်၂၈ရက်က ယင်းကျောင်းတိုက်၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်အလှူရှင်များက စုပေါင်း လှူဒါန်းသော အလှူတော်ငွေ ကျပ် ၁၃သိန်းကျော်ကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်စိုးက ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)





ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

ရန်ကင်းမြို့နယ် ကျောက်ကုန်း၊ မဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်(ကျိုက်ပိကျောင်း)၌ ဝါကပ်တော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဂုဏသန(နိုင်ငံတော် သံဃမဟာနနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော စာချစာသင်သံဃာတော်အရှင်မြတ် ၁၃၈ ပါးတို့အား သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူးပြီး (ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဝါဆိုသင်္ကန်းစသောလှူဖွယ်ဝတ္ထုများ ကပ်လှူမည်ဖြစ်သည်။ (က-ပ)

ရေဝတီတိုင်း ပုသိမ်မြို့တွင် မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဇွန်၂၈ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမှတ်(၂)နယ်မြေ ကမ်းနားလမ်း ရေမြောင်းများအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ အင်ဂျင်နီယာမှူး ဦးအောင်သောင်းတို့က အဖွဲ့ဝန်ထမ်းများ စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို အနီးကပ်ကြီးကြပ်ကြစဉ်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၆

မင်းဘူးအသင်း စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင်၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ လှူဖွယ်ဝတ္ထုတို့ကို အသင်းဥက္ကဋ္ဌ ဦးဝင်းဖေ(ဆ/မ) ဖုန်း-၅၁၂၄၈၂နှင့် ဒု-ဥက္ကဋ္ဌ ဦးဝင်းဖေ (ဆောက်/လျှပ်)ဖုန်း- ၅၅၇၀၅၅သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က-ပ)

အင်တာနက်ကဖေး ဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

ITနည်းပညာရပ်များ အရှိန်အဟုန်နှင့် တိုးတက်နေချိန်တွင် OSM Centreက စီစဉ်ဆောင်ရွက်ပေးသော Internet Cafe သို့ လာရောက်ခြင်းဖြင့် E-Learning, E-Business လုပ်ကိုင်လိုသည့်လူငယ်များ မိမိ နှစ်သက်သော Web-Site များကို တစ်ခဏ အတွင်းအရှိန်အဟုန် မြင့်စွာဖြင့် ကြည့်ရှုနိုင်ပြီဖြစ်သည်။ အဆိုပါ Planet Internet Cafe တွင် Coffee-Barနှင့် လူငယ်လူရွယ်များအတွက် စိတ် အပန်းပြေကစားနိုင်သော Network Game များ ပါဝင်မည်ဖြစ်သည်။

Internet လာရောက်အသုံးပြုသူများအနေဖြင့် E-mail Account များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ကာ လွတ်လပ်စွာအသုံးပြုနိုင်ပြီး ဖွင့်ပွဲရက်၌ Internet Network Game များကို အခမဲ့ကြည့်ရှုနိုင်သည်။ Grand Opening ဖွင့်ပွဲကို ဩဂုတ်တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ United Engineering Group Co.,Ltd. အမှတ်၂၂၀/၂၂၂၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဖုန်း-၂၀၀၃၄၃၊ ၂၀၃၁၈၈၊ ၂၉၆၈၂၉ သို့ ဆက်သွယ်စုံစမ်း လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (က-ပ)

ရေစီးရေလာကောင်းရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေး၊ ဒုတိယဌာနမှူး ဦးမြတ်သက် လိုက်ပါလျက် ယမန်နေ့ နံနက်က မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရန် နေ့စဉ် ပုံမှန်ဆောင်ရွက်နေသော လုပ်ငန်းများကို လိုက်လံစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူးသည် ကန်တော်ကြီး မန်ကျည်းတန်းမြောင်း ရေထွက်ပေါက်ကို စစ်ဆေးသည်။ **(အပေါ်ပုံ)** ဆက်လက်၍ အင်းလျားကန် ရေပိုလွှဲနေရာ ပါရမီလမ်း တောင်ဘက်ခြမ်းရှိ ဆည်မြောင်းချောင်း၊ တာမွေမြို့နယ် နတ်ချောင်းရေမြောင်း ရေစီးရေလာများကို ကြည့်ရှုစစ်ဆေးပြီး နတ်ချောင်းမြစ် ထွက်ပေါက် ရေတံခါးလုံခြုံမှုကိုပါ စစ်ဆေးခဲ့သည်။ (၂၁၀)

ပဋ္ဌာန်းသင်စာအုပ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၆

ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက် အရှင်ခေမိန္ဒ ရေးသားပြုစုသော ပဋ္ဌာန်းသင်ကြားနည်းစာအုပ်နှင့် ယမက သင်ကြားနည်း (ဒုတိယတွဲ) စာအုပ်များ ထွက်ရှိနေပြီဖြစ်ရာ တင်တင်အေး အမှတ်၁၃/၁၄/၄၁/၄၂ တောင်ဘက်မုခ် ရွှေတိဂုံဘုရားဈေး ရန်ကုန်က ဖြန့်ချိလျက်ရှိသည်။ (က-ပ)

ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လသာ အထက (၂) တွင် ကျောင်းသူကလေးများ သစ်ပင်စိုက်ပွဲကို ကျင်းပရာ အသင်းလိုက် ပန်းအလှပင်နှင့် အရိပ်ရ အပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။(က-ပ)

အင်္ဂလိပ်စကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၆

မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများ အင်္ဂလိပ်စကား ကျွမ်းကျင်စွာပြောဆိုနိုင်ရန် ဆရာမကြီး ဒေါ်တင်လှိုင်ဦးစီး၍ ဆရာမများ စနစ်တကျ သင်ကြားပေးမည့် အင်္ဂလိပ်စကားပြောသင်တန်းကို တန်းခွဲသစ်များအဖြစ် ဇူလိုင်လဆန်းတွင်ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများလှည်းတန်းမီးပွိုင့်အနီးရှိ ဒေါ်တင်လှိုင် စူပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း၊ ဖုန်း-၅၁၁၂၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၄ရက်က မော်လမြိုင်မြို့ ပြည်နယ်စည်ပင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အမှာစကားပြောကြားစဉ်။ (၁၆၈)

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းတရားပွဲများကျင်းပမည်

ညောင်ဦး ဇူလိုင် ၃

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ ယောဂီများ စုပေါင်းကျင်းပသော ၁၃၆၅ ခု ဝါတွင်းသီတင်းစဉ် ဓမ္မသဘင်ကို ဝါဆိုလပြည့်ကျော် ၈ရက် ဥပုသ်သီတင်းနေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဘဒ္ဒန္တကေသဝ ချမ်းမြေ့ရတနာကျောင်း ဘုံကျော်တိုက် မန္တလေးမြို့၊ ဘဒ္ဒန္တနရပတိ မဟာစည်သာသနာ့ရိပ်သာ ပင်စင်လမ်း ဖြူးမြို့၊ ဘဒ္ဒန္တဥတ္တရ သန္တာအေးကျောင်း မဟာစည်ရိပ်သာ ရန်ကုန်မြို့၊ ဘဒ္ဒန္တပညာစက္က မဟာစည်သာသနာ့ရိပ်သာ ဆိပ်ခွန်ရွာ ရွှေဘိုမြို့၊ ဘဒ္ဒန္တဝိမလ ဝါဆိုသာသနာ့ရိပ်သာတိုက် ကြို့ပင်ကောက်မြို့၊ ဘဒ္ဒန္တဝိစာရ ညောင်ကန်အေး သာသနာ့ရိပ်သာ အင်းစိန် ရန်ကုန်မြို့၊ ဘဒ္ဒန္တဉာဏိက ပွင့်လန်းသာသနာ့ရိပ်သာ မြောက်ဥက္ကလာ၊ ဘဒ္ဒန္တသာသန ထန်းကုန်းရိပ်သာ ကန့်ဘလူမြို့နယ်၊ ဘဒ္ဒန္တစန္ဒိမာ ဥတ္တရာရုံ သာသနာ့ရိပ်သာ သက္ကလရွာ၊ ဘဒ္ဒန္တသုမင်္ဂလ ခေမာ ဝန်ကျောင်း မြတောင်တိုက် မန္တလေးမြို့၊ ဘဒ္ဒန္တသုဇာတ မေတ္တာအေး သာသနာ့ရိပ်သာ သဃ်န်းကျွန်း ရန်ကုန်မြို့၊ ဘဒ္ဒန္တသီဟဗလ မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့ ဆရာတော်များက အလှည့်ကျ ဟောကြားချီးမြှင့်တော်မူကြမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဇွန် ၂၇ရက်က တောင်ကုတ်မြို့ ကံပိုင်ရပ်ကွက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဘဏ်ပတ်လမ်း ရေမြောင်းတူးဖော်ကာ သန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့နယ် ရိုးမအနောက်လမ်း စိမ်းလန်းစိုပြည်ရေး ပန်းအလှပင်နှင့် အရိပ်ရနှစ်ရှည်ပင် ၃၀၀၀ ကျော် စုပေါင်းစိုက်ပျိုး

တောင်တွင်းကြီး ဇွန် ၃၀

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဖောက်လုပ်လျက်ရှိသော ရိုးမအနောက်လမ်း စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ ပန်းအလှပင်နှင့် အရိပ်ရနှစ်ရှည်ပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှကြိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစော ထွန်းစိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအသီးသီးမှ ပြည်သူ အင်အား ၇၀၀ ကျော်တို့က စိန်ပန်းအလှပင် ၅၀၀၊ အရိပ်ရနှစ်ရှည်ပင်အဖြစ် ရေတမာပင် ၂၀၀၊ အညာတမာပင် ၃၀၀၊ မန်ကျည်းပင် ၁၀၀၀၊ ကုက္ကိုပင် ၇၀၀ နှင့် သစ်ဆိမ့်ပင် ၃၀၀ စုစုပေါင်း သစ်ပင် ၃၀၀၀တို့ကို စိုက်ပျိုးခဲ့ကြသည်။ (၁၈၉)

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ကြိုကုန်း-သနာပိုကျေးလက်လမ်းပေါ်ရှိ အောက်ကိုင်းကြီးတံတားဆောက်လုပ်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းမောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်လင်းဦးတို့အဖွဲ့ ဇွန် ၂၈ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်

ပြည် ဇွန် ၃၀

ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု(အဆင့်မြင့်) အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဇွန် ၂၈ရက်က ပြည်မြို့ သီရိခေတ္တရာ အားကစားကွင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)၊ ပြည်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးကိုက အမှာစကား ပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပထမနေ့ပွဲစဉ်အဖြစ် ပြည်မြို့ နဝင်းရပ်ကွက်အသင်းနှင့် ခေတ္တရာမြို့သစ် အသင်းတို့ ယှဉ်ပြိုင် ကစားကြသည်။ ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်အထိ ကျင်းပမည် ဖြစ်သည်။ (၄၀၃)

ဗိုင်းရပ်ပိုးကူးစက်မှု ကာကွယ်တားဆီးရေး အသိပေးဆွေးနွေး

ကော့သောင်း ဇွန် ၃၀

မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်ပိုးကူးစက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းစီမံချက် အသိပေးဆွေးနွေးပွဲကို ကော့သောင်းမြို့ ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဇွန် ၂၅ ရက် နံနက်ကကျင်းပရာ သဘာပတိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဖြိုးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးလေးကျော်နှင့် ဒေါက်တာကျော်မင်းတို့က ကြိုတင်ကာကွယ်နည်းများကို ရှင်းလင်းပြောကြားကြသည်။ (၁၈၉)

နောင်ချိုမြို့နယ် မြို့မဈေးကြီး အတွင်း ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူ ဈေးသားများ ရေနုတ်မြောင်း ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်နှင့် လမ်းစည်းကမ်း ပင်လည်ဘူး၌ ပညာပေး

ပင်လည်ဘူး ဇွန် ၃၀

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှုဖြင့် ယာဉ်နှင့် လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီသည် ဇွန် ၁၆ရက်က အဖွဲ့နှစ်ဖွဲ့ခွဲ၍ ယာဉ်နှင့် လမ်းစည်းကမ်း မလိုက်နာသူများ စစ်ဆေးပညာပေးမှုများ ပြုလုပ်ကြသည်။ (၂၇၁)

ပြင်ဦးလွင်၌ သောက်သုံးရေစီမံချက် အလုပ်ရုံဆွေးနွေး

ပြင်ဦးလွင် ဇူလိုင် ၃

ပြင်ဦးလွင်မြို့နယ် သောက်သုံးရေ အရည်အသွေး စောင့်ကြည့်ခြင်း စီမံချက် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက်နံနက်က ပြင်ဦးလွင်မြို့ ခရိုင်ပြည်သူ့ ဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်က အမှာစကားပြောကြားပြီး ခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်သွင်က သောက်သုံးရေ အရေးကြီးပုံအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယစီမံချက်မန်နေဂျာ လက်ထောက်သန့်ရှင်းမှု အင်ဂျင်နီယာ ဦးသောင်းတင်က လုပ်ငန်းစီမံချက်အကြောင်း သိကောင်းစရာများကို ဟောပြောသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၈-၇-၂၀၀၃
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀	ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁:၁၅	စက်မှုစွမ်းအားခေတ်ကျော်လွှား (ပြည်ပသွင်းကုန်အစားထိုး အဆင့်မြင့်ဘီစကစ်မုန့်မျိုးစုံ)
၁၁:၃၀	မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက် (မြန်မာသူရဲကောင်းကျန်စစ်သားနှင့် ဗုံကြီးသံသရုပ်ဖော်) (ညွန့်ဟံ-ကြူတော)
၁၂:၀၀	သူ့အတွေးနဲ့သူ့အရေး (သာယာရွှေပြည်-ဒေါက်တာသက်လွင်)
၁၂:၂၀	ဇာတ်လမ်းပမာနားဆင်စရာ (လမ်းသိပါလျက် အပြန်ခက်သည်)
၁၂:၄၅	မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လမြတ်ဝါဆို-သာရဝေါ-စိုးကြည်)
၁၃:၁၀	ပညာရေးအသံလွှင့်အစီအစဉ် (ပဥ္စမတန်း-သမိုင်း)

ညနေပိုင်း

၁၆:၂၀	ကျေးလက်ဇာတ်လမ်း (သန့်သန့်ရှင်းရှင်းရောဂါကင်း)
၁၇:၀၀	တပ်မတော်စာတိုက်
၁၇:၁၀	ကမ္ဘာ့ဂီတ
၁၇:၃၀	ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားသမားကောင်းတစ်ယောက်ဖြစ်ရန် အခြေခံလိုအပ်ချက်များ)
၁၇:၅၀	သောတရှင်အတွက် ပြန်ကြားချက်
၁၈:၁၅	ကျန်းမာရေးနဲ့ဆေးပညာ (မျက်စိကျန်းမာရေးနှင့် အမြင်သန့်စွမ်းရေး)
၂၀:၃၀	ကလေးများအတွက် တေးသီချင်းများ

ရေစကြိုမြို့နယ်မှ တောင်သူဦးကြီးများ မိုးဦးကျအချိန်၌ လုပ်ငန်းခွင်တွင် လယ်ယာသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူအချင်းချင်း လက်စားလိုက်စနစ်ဖြင့် စုပေါင်းထွန်ယက်ကြစဉ်။ (၂၅၁)

MCC

........အလုပ်များသော စီးပွားရေးလုပ်ငန်းရှင်များအတွက်...

...မည်သည့်ဝန်ထမ်းမဆို.. တက်ရောက်နိုင်ရန်စီစဉ်ထားသည်။

အင်တာနက် အခြေခံသင်တန်း 2 weeks only

OFFICE XP

Course Content
